ကလေးတိုင်း ပညာပြည့်ဝ နှလုံးလှစေဖို့...

# နှင်းဖြူမယ်

အပါအဝင်

ဂျပန်ရှေးဟောင်း

# ပန်းရွှေပြည်ပုံပြင်များ

ကောင်းမြတ်မင်း



အမျိုးဘာသာ သာသနာနှင့်
မြန်မာယဉ်ကျေးမှု အလေးဂရုပြုသော
မြန်မာပြည်ကို ချစ်ကြည်ညိုသော
'မြန်မာ' ဆိုတာ ဂုဏ်ယူပါသော
မြန်မာရေ,မြေ ကျေးဇူးမမေ့သော
ရွှေမြန်မာ,ရွှေတိုင်းရင်းသား
ရွှေကလေး,ရွှေလူငယ်များ
ပန်းနှယ်ချစ်ဖွယ် ဖြစ်စေသား။

ပန်းရွှေပြည် စာအုပ်တိုက်
09 73079964 - 09 5181715 - 09 5145728
www.pannshwepyi.com
pannshwepyibookshop@gmail.com

**တန်ဖိုး** ၅၀၀ ကျပ်

**အုပ်ရေ** ၅၀၀ အုပ်

**ပထမအကြိမ်** ၂၀၁၃ ခုနှစ် အောက်တိုဘာလ

**မျက်နှာဖုံး** ပန်းရွှေပြည်

**ထုတ်ဝေသူ** ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** ဦးအောင်မြင့်သိန်း (၀၆၃၆၄)၊
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

**စာအုပ်ချုပ်** ထိပ်တန်း-မင်းဇော်

နှင်းဖြူမယ်

အပါအဝင်

ဂျပန်ရှေးဟောင်း

# ပန်းရွှေပြည်ပုံပြင်များ

ကောင်းမြတ်မင်း



## ပါဝင်သောပုံပြင်များ


| | | | |
|---|---|---|---|
| ၁- | ပုံတူဖူးစာ | ....... | ၇ |
| ၂- | မြည်း ၂ ကောင် | ....... | ၂၅ |
| ၃- | ကျေးဇူးဆပ်တဲ့ ခွေးလိမ္မာ | ....... | ၃၃ |
| ၄- | ဓတ်မုံ့သီးလူလေး မိုမိုတာရို | ....... | ၅၄ |
| ၅- | နှင်းဖြူမယ် | ....... | ၇၈ |
| ၆- | လေက်မ | ....... | ၉၆ |

နှင်းဖြူမယ်

အပါအဝင်

ဂျပန်ရှေးဟောင်း

# ပန်းရွှေပြည်ပုံပြင်များ

ကောင်းမြတ်မင်း






ပန်းရွှေပြည်စာအုပ်တိုက်

# ပုံတူပူးစာ

ရှေးသရောအခါက ဂျပန်ပြည်ရှိ ကျေးရွာကလေးတစ်ရွာမှာ လွန်စွာမှ ရိုးအ ထုံထိုင်းလွန်းလှတဲ့ လူငယ်လေးတစ်ယောက် ရှိပါသတဲ့။ သူ့နာမည်က 'ဇမ်ဘီ' တဲ့။

ဉာဏ်ထိုင်းလွန်းလှတဲ့ ဇမ်ဘီဟာ တစ်နေ့တခြား အသက်သာကြီးလာတယ်။ ငယ်ငယ်တုန်းကလိုပဲ နေရာတကာမှာ ရိုးလွန်းအလွန်းထုံထိုင်းလွန်းတဲ့အတွက် အသက် ၄၀ ပြည့်တဲ့အထိ ဇနီးကြင်ရာရဖို့နေနေသာသာ ချစ်မယ့်သူ ကြိုက်မယ့်သူတောင် မရှိရှာဘူး။ တစ်ကိုယ်တည်း လူပျိုသိုးကြီးဘဝကို သနားစရာ ရောက်ခဲ့ရရှာသတဲ့။ ရုပ်ရည်ကလေး အသင့်အတင့်ရှိပေမယ့် သူ့ရဲ့ မွေးရာပါ ထုံထိုင်းခြင်းနှင့်အတူ မိဘ ညီအစ်ကိုသားချင်းမရှိ၊ တစ်ယောက်တည်း ဆင်းဆင်းရဲရဲ နေရရှာသူဆိုတော့ ဘယ်မိန်းကလေးက ချစ်ပါ့မလားကွယ်။

တစ်နေ့မှာပေါ့ကွယ်။ ဇမ်ဘီတဲကလေးကို အလွန်တရာမှ ချောမောလှပတဲ့ မိန်းကလေးတစ်ဦး အမှတ်မထင် ရောက်လာပါ သတဲ့။ ဇမ်ဘီဟာ သူတစ်သက်နှင့် တစ်ကိုယ် နုတ်သမီးရှုံးလောက် အောင် လှပတဲ့သူကို မြင်ဖူးရှာတာမဟုတ်ဘူး။ ပါးစပ်ကလေး အပေါင်းသား, မျက်လုံးကလေးအဝိုင်းသား ငေးမောမင်သက်နေမိ တာပေါ့။

မခေါ်ဘဲရောက်လာတဲ့ မိန်းမပျိုကလေးက ဇမ်ဘီရဲ့ အဖြစ်ကို ကြည့်ပြီး မသိမသာပြုံးလိုက်ရင်းနှင့် ပြောလိုက်သတဲ့။

"ကျေးဇူးပြုပြီး ဒီညတစ်ည ကျွန်မကို တည်းခွင့်ပြုမလား ဟင်။"

ဇမ်ဘီဟာ မိန်းမပျိုကလေးရဲ့ အလွန် သာယာနာပျော်ဖွယ် ကောင်းတဲ့စကားကို ကြားလိုက်ရတယ်ဆိုရင်ပဲ အံ့သြဝမ်းသာလွန်းလို့ ဘာပြန်ပြောရမှန်းတောင် မသိဘူးတဲ့။ သူဟာ သူ့စိတ်ကို တည်ငြိမ် အောင်ပြုပြင်လိုက်ပြီး အထစ်ထစ်အငေါ့ငေါ့နှင့် 'လက်ခံပါ့မယ်' ဆိုတဲ့ စကားကို ပြောလိုက်တယ်။

"အို-နေ-နေပါ။ တစ်ညမဟုတ်ဘူး။ အဆင်ပြေမယ့်နေ့အထိ နေနိုင်ပါတယ်။ စုတ်ပြတ်ညစ်ပေနေတဲ့ ဒီတဲထဲ နေနိုင်မယ်ဆိုရင်ပေါ့ လေ"

ကလေးတို့ရေ။ သွေးမတော်သားမစပ် သူစိမ်းတစ်ရံဆံ မိန်းကလေး တစ်ဦးကို ဘာမသိညာမသိ လက်ခံလိုက်တယ်ဆိုကတည်းက သူ့ရဲ့ရိုးသားမှုက သိသာတာပေါ့။ ဂျပန်လူမျိုးဆိုတာ တော်ရုံသူစိမ်းကို လက်ခံတတ်ကြတာ မဟုတ်ဘူးကွယ့်။ သိပ်ကို သံသယကြီးတဲ့ လူမျိုးတွေလေ။ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ အကြာဆုံးတံခါးပိတ်ဝါဒကို ကျင့်သုံးခဲ့တာ မဟုတ်လား။

ညပိုင်း အိပ်စက်ချိန်ရောက်တော့ ညှို့သည်မိန်းမပျိုကလေးက အူကြောင်ကြောင်ဖြစ်နေတဲ့ ဖမ်ဘီကိုကြည့်ပြီး ပြောလိုက်တယ်။

"ရှင့်ဘဝကြီးက ပျင်းစရာကြီးနော်။ နေ့တိုင်းလိုပဲ တစ်ယောက်တည်း နေရတာပဲလား။"

"အင်း"

ဖမ်ဘီက ရှက်သလိုဖြစ်လာပြီး ပြန်ဖြေလိုက်သတဲ့။

"ဒါဟာ မဖြစ်သင့်တာပဲ။ သဘာဝကို သွေဖီနေသလို ဖြစ်နေငှီ။ အင်းလေ-ရှင့်ကိုသာ ပြောနေရတာပါ။ ကျွန်မလည်း ရှင့်လို အဖော်မဲ့ အထီးကျန်ဘဝပါပဲ။"

မိန်းမပျိုကလေးရဲ့ ညှိုးငယ်တဲ့မျက်နှာကလေးနှင့် စကားသံကို ကြားတော့ ဖမ်ဘီ အံ့ညခြင်းနှင့်အတူ သနားကရုဏာစိတ်တွေ တဖွား

ဖွားပေါ်လာတော့တာပေါ့ကွယ်။ သူဟာ အားပေးတဲ့အနေနှင့် ဖြေသိမ့်တဲ့စကားကို ကြိုးစားပြီး ပြောလိုက်တယ်။

"တစ်နေ့နေ့တော့ ဖူးစာရှင် ပေါ်လာမှာပေါ့ကွယ်။ ဒီလောက်လှတဲ့မိန်းကလေးကို လိုချင်တဲ့သူ ပေါ်လာမှာပါ။"

"အဲဒီလူတွေထဲမှာ ရှင်ပါသလား။"

ဇမ်ဘီဟာ မိန်းမပျိုကလေးရဲ့ မေးခွန်းကြောင့် ရှက်သွားတာပေါ့ကွယ်။ လူပျိုကြီးမျက်နှာ နီရဲနေတာကိုကြည့်ပြီး မိန်းမပျိုကလေးက သဘောကျလွန်းလို့ တခစ်ခစ်ရယ်ပြီး စကားကိုဆက်ပြောလိုက်တယ်။

"သုညနှင့် သုညပေါင်းရင် '၁' ဖြစ်မလားပဲ။ ရှင့်ဘဝရဲ့အထီးကျန်သုညနှင့် ကျွန်မရဲ့တစ်ကိုယ်သုညကို ပေါင်းလိုက်ရင် လှပတဲ့ တစ်ဘဝဖြစ်ရောပေါ့ရှင်ရယ်။"

ကလေးတို့ရေ။ အသက် ၄၀ ကျော်မှ ကံပေါ်လေတဲ့ လူပျိုကြီး ဇမ်ဘီဟာ မိုးနတ်မင်းကြီးကျေးဇူးနှင့် အိမ်တိုင်ရာရောက် ရည်းစားစကား အပြောခံလိုက်ရတဲ့အတွက် ကတုန်ကယင် ဖြစ်နေတာကို မြင်တော့ မိန်းမပျိုကလေးဟာ သဘောကျလွန်းလို့ အားပါးတရ ရယ်မောရင်း-

"ကျွန်မက ရှင့်လို ရိုးသားတဲ့သူကို လိုက်ရှာနေတာ အခုမှပဲ တွေ့တော့တယ်။ ရှင်ဟာ ကျွန်မအိပ်မက်ထဲက ဖူးစာရှင်ပဲ။"

ကလေးတို့ရေ။ ဒီလိုနှင့်ပဲ ဓမ်ဘီဟာ နေရင်းထိုင်ရင်း မိန်းမရသွားခဲ့တယ် ဆိုပါတော့ကွယ်။ အသက်ကြီးမှ လှပရှုမငြီးတဲ့ ဇနီးငယ်ငယ်ကလေးကို ရထားတဲ့ထုံးစံအတိုင်း အရုပ်ကလေးလိုလှပတဲ့ မိန်းမကို မျက်စိအောက်က အပျောက်မခံအောင် ချစ်ရှာသတဲ့။ သဝန်တိုလိုက်တာလည်း လွန်ပါရောပဲတဲ့ကွယ်။ ဓမ်ဘီဟာ သူကောက်ရတဲ့ ရွှေရုပ်ကလေး ဘာလုပ်လုပ် 'တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်' လုပ်နေတာကတော့ လွန်လွန်းတာပေါ့ကွယ်။

တစ်ခါတုန်းကဆိုရင် သူ့အတွက် ကောက်ရိုးခြေညှပ်ဖိနပ်ကို ရက်လုပ်နေရင်းက ဇနီးမယားကလေးကို ငေးကြည့်နေမိတဲ့အတွက် သူ့ဖိနပ်ဟာ သူ့ခြေထောက်နှင့် အဆမတန်အောင် ရှည်သွားပါသတဲ့။ ဘယ်သူနှင့်မှမတော်တဲ့ ဖိနပ်ဟာ အလကားဖြစ်သွားတော့တာပေါ့ကွယ်။

တစ်ခါတုန်းကဆိုရင် မိုးမစိုအောင် ကိုယ်ပေါ်ခြုံရတဲ့ ကောက်ရိုးမိုးကာကို ရက်လုပ်ရင်း တစိမ့်စိမ့်ကြည့်နေမိတဲ့အတွက် မိုးကာဟာ လူ့ရယ်စရာကောင်းလောက်အောင် ရှည်သွားပြန်ပါသတဲ့။

ဒီထက်ပိုပြီး အဖြစ်သည်းပုံက သူ လယ်ထွန်းသွားရင်လည်း အိမ်မှာကျန်နေခဲ့တဲ့ ရှုမငြီးမယားကလေးကို 'နေမှကောင်းရဲ့လား'

တွေးပြီး စိုးရိမ်စိတ်နှင့် လယ်တစ်ကြောင်းထွန်ပြီးရုံမျှနှင့် အိမ်ကို ပြန်လာပါလေရောတဲ့။ သူဟာ မိန်းမရပြီးကတည်းက လယ်ကို ကောင်းကောင်း မထွန်တော့ဘဲ အိမ်ကို ပြန်ပြန်လစ်နေတဲ့အတွက် ဘယ်လိုလုပ် အလုပ်တွင်တော့မှာတဲ့လဲကွယ်။

ဓမ်ဘီရဲ့ဖြစ်အင်ကို ဇနီးသည်က အပြစ်မတင်ပါဘူး။ ဒါဟာ သူ့အပေါ် ချစ်လွန်းလို့ မဟုတ်လား။ ဒီတော့ သူ့ယောကျ်ားလည်း အလုပ်မပျက်ရလေအောင်၊ သူ့အပေါ်လည်း ချစ်စိတ်မလျော့ရလေ အောင် အကြံထုတ်ရတော့တာပေါ့ကွယ်။

မိန်းမဆိုတာမျိုးဟာ ဒီလို ကတ်သီးကတ်သတ် ဒုက္ခတွေကြုံရင် ဖြေရှင်းတာ အလွန်တော်ကြတယ်ကွယ့်။ သူဟာ ပုံတူဆွဲတာ အလွန် တော်တဲ့ ပန်းချီဆရာကို မရ,ရအောင်လိုက်ရှာပြီး သူ့ပုံကို မတူ တူအောင် ဆွဲစေတယ်။ တန်ရာတန်ကြေးထက် ပိုပြီးပေးတယ်။

ပုံက တူသလားမမေးနှင့်။ ဓာတ်ပုံရိုက်ထားသလို ချွတ်စွပ် တူပါသတဲ့။ (အဲဒီခေတ်က ဘယ်နိုင်ငံမှာမှ ဓာတ်ပုံမပေါ်သေးဘူး ကွယ့်။ ကင်မရာကို မတီထွင်နိုင်သေးတဲ့ အချိန်ပေါ့ကွယ်။)

ပုံတူပန်းချီကားကို ရလာပြီဆိုတာနှင့် တစ်ပြိုင်နက် ဓမ်ဘီရှိရာ လယ်ထဲလိုက်သွားပြီး ပန်းချီကားကို ပေးလိုက်တယ်။

"ရော့-ဒီပုံတူပန်းချီကားဟာ ကျွန်မရဲ့ကိုယ်စား ကိုယ်ပွားပဲ။ ရှင် အလုပ်လုပ်ရင်း ကြည့်နေနိုင်အောင် ပန်းချီဆရာကို ဈေးကြီးပေးပြီး ဆွဲခိုင်းခဲ့တာ။ ဒီလယ်စပ်နားက ပိုးစာပင်အကိုင်းမှာ သေသေချာချာ ချိတ်ထား။ အလုပ်လုပ်ရင်း ကျွန်မပုံကို အားပါးတရ တစိမ့်စိမ့်ကြည့်ပေတော့။"

ဖမ်ဘီဟာ သူ့ဇနီးနှင့် တစ်သဝေမတိမ်း တစ်ထပ်တည်းတူအောင် လက်စွမ်းပြထားတဲ့ ပုံတူကလေးကို ပိုးစာပင်ကိုင်းမှာ ချိတ်ရင်း နေ့တိုင်း အလုပ်ကိုပြီးမြောက်အောင် လုပ်တော့တာပေါ့ကွယ်။ ထွန်ရေး ငင်ရင်း ရှုမငြီးကလေးကို တစ်နေကုန် တစိမ့်စိမ့်ကြည့်ရင်း ဟန်ကျနေတော့တာပေါ့။

ဖြစ်ချင်တော့ တစ်နေ့မှာ လေပြင်းတစ်ချက်အတိုက် ပန်းချီကားချပ်ကလေးဟာ လေနှင့်အတူ အဝေးကို လွင့်သွားရှာပါသတဲ့။ ဖမ်ဘီဟာ သူ့ဇနီးရဲ့ ကိုယ်ပွားပုံတူပန်းချီကားကလေးကို မိလိုမိငြား မရရအောင် လိုက်ရှာပေမယ့် လုံးဝ ရှာမတွေ့တော့ပါဘူး။ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးတော့တာပေါ့။ သူဟာ ရိုးအ ထုံထိုင်းတဲ့သူမို့ သက်မဲ့ပစ္စည်းအပေါ် နှမြောပြီး ကလေးငယ်လို ငိုတာပဲ ဖြစ်တယ်ကွယ့်။

ဖမ်ဘီဟာ မျက်ရည်စက်လက်နှင့် အိမ်ကို ခပ်သုတ်သုတ်ပြန်လာပြီး ပြောပြလိုက်တယ်ဆိုရင်ပဲ ဇနီးသည်က ပြုံးပြီး သူ့ယောက်ျားကို နှစ်သိမ့်တဲ့စကားကို ပြောလိုက်တယ်။

"ဒါလေးများရှင်ရယ်။ ကျွန်မတစ်ယောက်လုံး ရှိနေသေးမှတော့ ဒါမျိုး ပုံတူပန်းချီကားတွေ ရာနှင့်ချီပြီး ပြန်ဆွဲခိုင်းလို့ ရနေတဲ့ဥစ္စာ ဘာလို့ ကြုံကြုံပါအောင် ငိုနေရတာလဲ။"

ဒီတော့မှ ဖမ်ဘီဟာ စိတ်သက်သာရာရသွားပြီး မျက်ရည်ကျတာ ရပ်သွားပါသတဲ့။ ဒီလို ကလေးဆန်ပြီး ရယ်စရာလည်း ကောင်း၊ သနားဖို့လည်း ကောင်းတဲ့လူတွေ လောကမှာ အများကြီးပဲ ရှိကြတယ်ကွယ့်။ ပျော့ညံ့တဲ့သူ မဖြစ်စေနှင့်နော်။

လေပြင်းနှင့်အတူ လွင့်ပါသွားတဲ့ပန်းချီကားချပ်ကလေးဟာ ဘယ်သောင်ဘယ်ကမ်း ရောက်သွားသလဲဆိုတော့ သူတို့နေတဲ့နေရာဒေသကို အပိုင်စား အုပ်ချုပ်ခွင့်ရသူ ဘုရင်ခံတစ်ပါးရဲ့ အိမ်တော်ဝင်းအတွင်း ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက်သွားပါသတဲ့။

ဖြစ်ချင်တော့ အဲဒီအချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဘုရင်ခံကခြံဝင်းဥယျာဉ်တော်ထဲ အညောင်းအညာပြေ လမ်းဆင်းအလျှောက်ပုံတူပန်းချီကားကလေးကို တွေ့သွားတော့တာပဲ။ ကလေးတို့ဖတ်ဖူးတဲ့

ရာမဇာတ်တော်ထဲက ဒသဂီရိလိုပေါ့ကွယ်။ ဘုရင်ခံဟာ ပုံတူပန်းချီကို မြင်လိုက်ရတယ်ဆိုရင်ပဲ သိဝိမင်းကြီးနှင့် ဥမ္မာဒန္တီဇာတ်ထဲကလို မြင်မြင်ချင်း ချစ်မိပြီး ရယူပိုင်ဆိုင်ချင်တဲ့ စိတ်တွေ ထိန်းမရသိမ်းမရ ပေါ်လာတော့တာပေါ့။ ဒါနှင့်ပဲ သူဟာ လုပ်ပိုင်ခွင့်ရှိသူ အာဏာရှင်ပီပီ သူ့ရဲမက်တော်တွေကိုခေါ်ပြီး ပြောလိုက်တယ်။

"ပုံတူအတိုင်းဆိုရင် အဲဒီမိန်းမပျိုဟာ တော်တော်လှတာပဲ။ ဒီပုံတူကိုယ်ပွားဟာ တစ်နေရာရာမှာ မလွဲမသွေ ရှိကိုရှိနေရမယ်။ ငါ သူမကို မရရအောင်ရှာပြီး သိမ်းပိုက်တော်မူမယ်။ ဒီတော့ မောင်မင်း တို့တစ်တွေ ပန်းချီကားထဲက မိန်းမပျိုကို မတွေ့တွေ့အောင် ရှာပြီး ငါ့ထံ ဆက်သကြစေ"

ကလေးတို့ရေ။ ဂျပန်ပြည်က ဘုရင်တွေလည်း ဒီကဘုရင်တွေ လိုပဲနော်။ ဘယ်တိုင်းပြည်မှာမဆို ရှေးတုန်းက သက်ဦးဆံပိုင်ဘုရင် ဧကရာဇ်တွေဟာ ဒီလိုချည်းပဲကွယ့်။ ဒီလိုနှင့် ရဲမက်တွေ, ငယ်ကျွန်တွေက ပုံတူပန်းချီကားထဲကသူကို တစ်ရွာဝင်တစ်ရွာထွက် ခြေဆန့်တောနင်းရှာကြတော့တယ်။

နောက်ဆုံးမှာတော့ ဇမ်ဘီတို့မောင်နှံ ပျော်စံရာ တဲဂေဟာရှိတဲ့ ရွာထဲ ရောက်လာခဲ့ကြတာပေါ့။ ရွာထဲမှာရှိတဲ့သူတွေကို ပုံတူ

ပန်းချီကားပြရင်း "တွေ့ဖူးသလား" လို့ မေးတော့ ရွာသားတွေက ရိုးသားသူတွေပီပီ "ရွာထဲမှာနေတဲ့ သူတို့ရွာသားဖြစ်ကြောင်း။ သူ့မှာ ယောကျ်ားရှိကြောင်း။" အမှန်အတိုင်း ပြောပြကြတာပေါ့ကွယ်။

ရဲမက်တွေဟာ သူတို့ရဲ့ ဘုရင်ကြီးအတွက် ရှာပုံတော်ခရီးဟာ ဒီမှာတင် ပြီးဆုံးပြီဆိုတာကို သိလိုက်မိကြတယ်။

ဇမ်ဘီရဲ့အိမ်ထဲ အတင်းဝင်ပြီး ဇမ်ဘီရဲ့ ဇနီးချောကလေးကို မပြောမဆို အတင်းဆွဲခေါ်ကြတာပေါ့ကွယ်။ ဇမ်ဘီတို့လင်မယားဟာ မမျှော်လင့်တဲ့ အခြင်းအရာကြောင့် ကြောက်လန့်ပြီး တစ်ယောက်ကို တစ်ယောက်ဖက်ကာ အကြောက်အလန့်ငြင်းဆန်ကြသတဲ့။

"ဒီပြည်နယ်ရဲ့ တန်ခိုးအကြီးဆုံးဘုရင်ခံရဲ့ အမိန့်တော်ကို ဘယ်သူမှလွန်ဆန်လို့မရဘူး။ သူက 'ဒီပုံထဲကအမျိုးသမီးကို မတွေ့ တွေ့အောင်ရှာပြီး သူ့ဆီ မရရအောင် ဆွဲခေါ်လာရမယ်။'လို့ အမိန့် ချမှတ်ထားတာ။ မလိုက်လို့ မရဘူး။"

ရိုးအထုံထိုင်းတဲ့ ဇမ်ဘီဟာ မိုးနတ်မင်းကြီးပေးထားတဲ့ ရွှေရုပ် ဇနီးသည်ကလေးကို သူတစ်ပါးလက် မပါရလေအောင် အမျိုးမျိုး ငိုကြွေးတောင်းပန်ပေမယ့် ရဲမက်တွေဟာ ဖွတ်အတင်း ခေါ်ဆောင်သွား ကြတယ်ကွယ့်။ (ဗီဒီယိုတွေထဲမှာဆိုရင် ဇာတ်ရှိန်အမြင့်ဆုံး ဇာတ်ဝင်

ခန်းပေါ့ကွယ်။)ဇမ်ဘီဟာ သူ့ခြံဝင်းအတွင်းရှိ မြေပြင်ပေါ်မှာ အော်ဟစ်ငိုကြွေးပြီး လူးလိမ့်ကျန်ခဲ့ရင်း ငိုသံပါကြီးနှင့် အော်ပြီးပြောနေလိုက်တယ်။

"ငါ့ကို မထားခဲ့ပါနှင့်။ ငါ့ကို ခွဲမသွားပါနှင့်။"

ဇမ်ဘီရဲ့ သနားစဖွယ် အော်ဟစ်ငိုကြွေးရင်း ပြောလိုက်တဲ့အသံကို တရွတ်တိုက်လိုက်ပါသွားရတဲ့ ဇနီးသည်ကလေးက-

"လွတ်ဖို့နည်းလမ်း ရှာမတွေ့လို့ ကျွန်မလိုက်သွားတော့မယ်။ ဒီလိုမှမဟုတ်ရင် ရှင့်ကို သူတို့ သတ်ကြမှာ။ ဒီနှစ်ကုန်ရင် ဘုရင်ခံကြီးစံရာ ရဲတိုက်ကြီးကို တွေ့အောင်ရှာပြီး လိုက်ခဲ့ပါ။ ဂိတ်တံခါးဝရောက်တာနှင့် ဘင်ဇိုင်းပင်ပုတွေကို လာရောင်းပါ။ ဈေးသည်အနေနှင့် မရောက်ရောက်အောင် လာခဲ့ပါ။ ကျွန်မပြောတဲ့စကားကို နားထောင်မှ ရှင်နှင့်ကျွန်မ ပြန်ဆုံကြရမှာ။ မမေ့နှင့်နော်။"

ဇမ်ဘီဟာ သူ့ဇနီးကလေးရဲ့စကားကို သေသေချာချာ မှတ်ထား လိုက်တယ်။

သူဟာ သူ့မြင်ကွင်းထဲကနေ တရွေ့ရွေ့ ဝေဝါးပျောက်ကွယ်သွားတဲ့ ဇနီးသည်ရဲ့ပုံရိပ်ကို မျက်ရည်တွေကြားကနေ နောက်ဆုံးမြင်လိုက်ရတယ်။

ဒီလိုနှင့် ဇမ်ဘီဟာ ရဲမက်တွေ မေ့လျော့ကျန်ခဲ့လေတဲ့ ဇနီးသည်ရဲ့ ပုံကူပန်းချီကားလေးကိုသာ သွားလေရာ ယူဆောင်သွားပြီး တစိမ့်စိမ့်ကြည့်ရင်း၊ အချိန်တွေကို လက်ချိုးရေတွက်ရင်း စောင့်နေရရှာတာပေါ့ကွယ်။

"သူပြောတဲ့စကားဟာ အဓိပ္ပာယ်ရှိတယ်။ သူပြောသလို တစ်နေ့မှာ ငါတို့ ပြန်ဆုံကြရမယ်။ ငါ ကြေကွဲနေလို့ မဖြစ်ဘူး။ အလုပ်လုပ်ရင်း ငွေစုမယ်။ ငါတို့ ဒီနှစ်ကုန်ရင် ပြန်ဆုံကြမယ်။"

ဇမ်ဘီဟာ ဘဝက သင်ကြားပေးလိုက်တဲ့ သင်ခန်းစာကြောင့် အရင်လို အူတူတူနုံချာချာ မနေတော့ဘဲ ရည်ရွယ်ချက်ရှိတဲ့ ယောကျ်ားပီသစွာ အချိန်တွေကို တန်ဖိုးရှိအောင် အသုံးချရင်း နေလာခဲ့တာပေါ့။ လွှမ်းစရာရှိရင် နာစရာနှင့်ဖြေပြီး မျက်ရည်မကျဘဲ အလုပ်တွေပဲ ဖိလုပ်ခဲ့တယ်။

ကလေးတို့ရေ။ ဒီလိုနှင့်ပဲ ဂျပန်တွေရဲ့ ရိုးရာခလေ့ နှစ်သစ်ကူးတဲ့အချိန်ကို ရောက်လာခဲ့သတဲ့။

ဇမ်ဘီဟာ သူ့ဇနီးချောကလေး မှာကြားခဲ့တဲ့စကားအတိုင်း ဂျပန်ပြည်မှာ နာမည်ကြီးတဲ့ 'ဘင်ဖိုင်း' လို့ခေါ်တဲ့ သက်ကြီးပုအပင်တွေကို ရှာဖွေစုဆောင်းပြီး အပင်ရောင်းသူအဖြစ် ဟန်ဆောင်ကာ ဘုရင်ခံရှိရာအရပ်ကို လာခဲ့တယ်။

ဇမ်ဘီဟာ ဘင်ဇိုင်းပုအပင်တွေကို ကျောထက်မှာ ထမ်းပိုး သယ်ဆောင်ရင်း မယားဇော့နှင့် ခရီးထွက်လာလိုက်တာ မကြာခင်မှာပဲ ဘုရင်ခံစံမြန်းတဲ့ ရဲတိုက်တံခါးဝကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ပြီပေါ့ကွယ်။ ဇမ်ဘီဟာ ရဲတိုက်အဝင်ဝ ဂိတ်ရှေ့ကို ရောက်တယ်ဆိုရင်ပဲ ကျယ်လောင်တဲ့အသံကြီးနှင့် ဈေးရောင်းပါလေ ရောတဲ့။

"နန်းတော်တွင်း၊ ဥယျာဉ်တော်အတွင်း နှစ်သစ်ကူး အလှဆင်မယ့် ဘင်ဇိုင်းပင်တွေရမယ်။ ဂျပန်တွေရဲ့ ဂုဏ်ကျက်သရေဆောင် ဘင်ဇိုင်းပင်တွေ ရမယ်။ ရှားပါးလှပပြီး ဈေးချိုတယ်။"

ဇမ်ဘီဟာ ဈေးသည်ဟန်ဆောင်ပြီး အသံကိုမြှင့်ကာ အော်ဟစ် ရောင်းချရင်း နန်းတော်ဝင်းရှေ့ထိ မသိမသာ ဝင်လာတော့တာပေါ့။

ဇမ်ဘီရဲ့ အော်ဟစ်ရောင်းချနေတဲ့အံကို ကြားလိုက်ရတယ် ဆိုရင်ပဲ သူ့ရဲ့ ဇနီးချောကလေးဟာ ပျော်ရွှင်စွာရယ်လိုက်ပါလေရောတဲ့ ကွယ်။

သူမအနီးရှိနေကြတဲ့ ဘုရင်ခံကြီးအပါအဝင် ရဲမက်တော် အပေါင်းဟာ အံ့ဩကုန်ကြတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမပျို ကလေးဟာ နန်းတော်ထဲ ရောက်တဲ့နေ့ကစပြီး ဒီနေ့အထိ ပြုံးခြင်း, ရယ်ခြင်း, စကားပြောဆိုခြင်း လုံးဝမရှိဘဲ ဆွံ့အနေသူလို နေခဲ့တာ

ဖြစ်တဲ့အတွက် အခုလို မိဖုရားရဲ့ အခြင်းအရာ အပြုအမူဟာ ဘုရင်ခံကြီးအတွက် ဝမ်းသာစရာ ဖြစ်နေတာပေါ့။

"အံ့ဩလိုက်လေကွယ်။ ဒီရှုးပေါပေါ အပင်ရောင်းတဲ့ဈေးသည်ကို မြင်တာနှင့် ငါ့မိဖုရားက ပုံစံပြောင်းသွားတာ မယုံနိုင်စရာပဲ။ ဒီဈေးသည်ကို ငါ့ကိုယ်တော်ရှေ့မှောက် ဝင်ရောက်ခစားစေ။"

ကလေးတို့ရေ။ မိဖုရားဟာ ဖမ်ဘီကိုတွေ့တော့ ပိုပြီးရွှင်ပြုံးလေပေါ့ကွယ်။ ပျော်ရွှင်မြူးထူးနေတဲ့ မိဖုရားကိုမြင်တော့ ဘုရင်ခံကြီးက စိတ်ထဲပျော်လာပြီး ပြောလိုက်သတဲ့။

"ငါ့မိဖုရားရဲ့ရောဂါ ပျောက်သွားပြီကွ။ နင်က ဒီကောင်ဈေးအော်ရောင်းနေတာကို သဘောကျနေတယ်ပေါ့လေ။ ဒါဆို နင်နှင့်ငါ အပင်ရောင်းတမ်း ကစားကြရအောင်လား။ ငါက အပင်တွေ အော်ပြီးရောင်းမယ်။ ဒါမှ နင် ပိုပြီး ပျော်လာမှာ။"

ကလေးတို့ရေ။ မိဖုရားကလေးကို ပျော်စေချင်လွန်းတဲ့ ဘုရင်ခံကြီးဟာ ဝမ်းသာလွန်းလို့ 'လုပ်သင့်၊ မလုပ်သင့်' မစဉ်းစားတော့ဘူး။ ဖမ်ဘီဆီက ဘင်ဇိုင်းပင်ပုတွေကို ယူလိုက်တဲ့အပြင် သူဝတ်ထားတဲ့ ဘုရင်ခံဝတ်ရုံတော်ကို ချွတ်ပြီး ဖမ်ဘီရဲ့အဝတ်စုတ်တွေနှင့် လဲလှယ်ပြီး ဝတ်လိုက်တယ်။ ရဲမက်တော်တွေဟာ ဘုရင်ခံကြီးရဲ့ လုပ်ရပ်ကို

မတားရဲတဲ့အတွက် တအံ့တသြ ငေးကြည့်နေကြသတဲ့။

ဘုရင်ခံကြီးဟာ ဖမ်ဘီရဲ့ အဝတ်ဟောင်းတွေကိုဝတ်ပြီး အပင်တွေကို ကျောပေါ်ထမ်းရင်း သဏ္ဍာန်လုပ်သရုပ်တူ ခုန်ပေါက် ပြေးသွားပြီး အော်ကာဟစ်ကာ ဈေးရောင်းပါလေရောတဲ့ကွယ်။ အကြံရှိသူမိဖုရားတဖြစ်လဲ ဖမ်ဘီရဲ့ဇနီး လှလှကလေးဟာ ဟားတိုက်ရယ်မောပြီး ဘုရင်ခံကြီးနှင့်အတူ မြူးထူးခုန်ပေါက်ရင်း ဘုရင်ခံကြီးကို ရဲတိုက်ဂိတ်တံခါးဝရောက်တဲ့အထိ မသိမသာ ခေါ်သွားတာပေါ့။ အရူးတစ်ယောက်လို အသိတရားကင်းမဲ့စွာ အပျော်လွန်နေတဲ့ ဘုရင်ခံကြီးဟာ ဒါကိုမသိရှာဘဲ ရဲတိုက်ဂိတ်ဝအထိ ရောက်သွားပါသတဲ့။

ဘုရင်ခံကြီး အပြင်ရောက်သွားပြီဆိုတာနှင့် မိဖုရားက ရယ်နေတာကို ရပ်လိုက်ပြီး နောက်မှာပါလာတဲ့ ရဲမက်ငယ်ကျွန်တွေကို တံခါးပိတ်ဖို့ အမိန့်ပေးလိုက်တာပေါ့။

"တံခါးတွေကိုလုံလုံခြုံခြုံဖြစ်အောင်အသေပိတ်လိုက်ကြ။"

မိဖုရားရဲ့အမိန့်တော်ကို မလွန်ဆန်နိုင်တဲ့အတွက် ရဲမက်တွေဟာ တံခါးဝကို သော့ခတ်ပြီး ပိတ်လိုက်ကြတာပေါ့။ ဒါကို ဘုရင်ကြီးက တော်ရုံနှင့် မသိသေးဘူးကွယ့်။ ကလို့ ကောင်းတုန်း၊ အော်ဟစ်ဈေးရောင်းလို့ ကောင်းနေတုန်းပေါ့။

နောက်မှ မိဖုရားရယ်သံ မကြားရတော့လို့ နောက်ပြန်လှည့်

ကြည့်တော့ ဂိတ်တံခါးဝ ပိတ်ထားတာကို တွေ့လိုက်ရတဲ့အတွက် အလွန်အံ့သြသွားပြီး ဂိတ်တံခါးဝကို လက်နှင့် အပြင်းအထန်ထုကာ ဖွင့်ပေးဖို့ အော်ဟစ်အမိန့်ပေးတာပေါ့။

"ဟေ့ကောင်တွေ။ ဒါ ဘာအရူးထတာလဲကွ။ ငါ ဘုရင် အပြင်မှာ ကျန်ခဲ့တယ်ကွ။ တံခါးကို ဖွင့်စမ်း။"

ကလေးတို့ရေ။ ဘုရင်ခံကြီး အပြင်မှာ ဘယ်လောက်အော် အော် နန်းတော်တွင်း ပျော်ပွဲဆင်နေတာကတော့ ဘုရင်ခံအဝတ်အစား နှင့် ဇမ်ဘီတို့လင်မယား အပါအဝင် ရဲမက်တော်အပေါင်းပဲ ဖြစ်ကြ တယ်။

ဘုရင်ခံကြီးဟာ သူတစ်ပါး ကာမပိုင်ဇနီးမယားကို အဓမ္မ သိမ်းပိုက်ပြီး မိဖုရားမြှောက်ထားတယ်ဆိုတာကို အားလုံး သိသွားတယ် ဆိုရင်ပဲ မတရားမှုကို မနှစ်မြို့တဲ့ ပြည်သူပြည်သားအပေါင်းဟာ ဘုရင်ခံအဝတ်အစားနှင့် ရိုးသားပုံရတဲ့ ဇမ်ဘီကို သူတို့ရဲ့ ဘုရင်ခံ အသစ်အဖြစ် လိုလိုလားလား တင်မြှောက်လိုက်ကြသတဲ့။

ရဲတိုက်ကြီးထဲမှာ ဘုရင်ခံ ဇမ်ဘီတို့ဇနီးမောင်နှံဟာ အခြွေအရံ အစေခံပေါင်းများစွာ ခြံရံလို့ အသက်ထက်ဆုံး ပျော်ရွှင်စွာ အုပ်ချုပ် နေထိုင်သွားကြပါသတဲ့ကွယ်။ ။

အပြင်ရောက်သွားတဲ့ ဘုရင်ခံကြီး ဘာဖြစ်သွားသလဲဆိုတာ တော့ မူရင်းပုံပြင်ရေးဆရာ ရေးမပြထားလို့ မသိရဘူးကွယ့်။ ရှုးပြီး ခြေဦးတည့်ရာ လျှောက်သွားနေပြီလို့သာ မှတ်လိုက်ကြပေါ့ကွယ်။

မြည်း၂ကောင်



ပန်းရွှေပြည်စာအုပ်တိုက်

# မြည်း ၂ ကောင်

တစ်ခါတုန်းကပေါ့ကွယ်။

ဂျပန်ပြည်ရဲ့ လွန်စွာဝေးလံလှတဲ့ အရပ်ဒေသတစ်ခုဆီသို့ ဝန်စည်စလှယ် အထုပ်အပိုးတွေကို ကျောပေါ်မှာတင်ပြီး ခရီးထွက်လာခဲ့ရတဲ့ သနားစရာ မြည်း ၂ ကောင်ရှိပါသတဲ့။ သူတို့ဟာ ဒီဝေးလံကြမ်းတမ်းတဲ့ ခရီးရှည်ကြီးကို သူတို့သဘောနှင့် သူတို့ ထွက်လာခဲ့ကြတာ မဟုတ်ဘူးကွယ့်။ 'သူ့ဆန်စားရဲမှ' ဆိုသလို သူတို့ရဲ့သူဌေးကြီး ခေါ်လို့သာ ထွက်လာခဲ့ရခြင်း ဖြစ်ပါသတဲ့။ သူတို့ရဲ့ သူဌေးကြီးဟာ အသက်ကြီးသလို လောဘလည်း ကြီးသူ ဖြစ်တဲ့ အတွက် သူ ဖြည်းဖြည်းနှေးနှေးသွားသလို၊ မြည်း ၂ ကောင်ကလည်း သူတို့ရဲ့ ဝသီအရ ဖြည်းဖြည်းနှေးနှေးပေါ့ကွယ်။

အဲဒီလိုသွားရင်း တစ်နေရာကိုရောက်တော့ မြည်းတစ်ကောင်က သူ့အဖော်မြည်းကို ပြောသတဲ့။

"မတရားလိုက်တာကွာ။ မမျှတတဲ့ လောကကြီးပဲ။"

"ဘာဖြစ်လို့လဲကွ။"

"မင်းပဲ စဉ်းစားကြည့်လေ။ ငါ့ကျောပေါ်ကျတော့ မုယော စပါးအိတ်တွေချည်းပဲ ၃အိတ်တောင် တင်ထားတယ်။ မင်းကျော ပေါ်ကျတော့ တောင်းတစ်လုံးပဲ တင်ထားတယ်။"

"ဟာ-ဒါကတော့ကွာ။ ငါ့ကျောပေါ် ပါတဲ့အရာတွေက ဗိုက်ဆံတွေလေကွာ။ မင်း သယ်ထားရတာထက် တန်ဖိုးလည်း ပိုကြီး အန္တရာယ်နှင့်လည်း ပိုနီးတယ်လေ။"

"မင်းပြောပုံက ငါကပဲ တန်ဖိုးမရှိတဲ့ကောင် ဖြစ်နေပြီ။ ဘာပဲ ပြောပြော တစ်ခရီးတည်းသွား တစ်ရေတည်းသောက် ဝန်ထမ်းရသူ ချင်းအတူတူ ငါတို့သူ့ငွေးက မတရားတာပဲ။"

မုယောစပါးအိတ် ၃အိတ်ကို ကျောပေါ်တင်ထားရရှာတဲ့ မြည်းဟာ သူ့ဘဝအပေါ် မချိတင်ကဲပြောရင်း နာကျင်မောပန်းလွန်းလို့ အသက်ပြင်းပြင်းနှင့် လေကို ရှူရှိုက်နေရရှာတယ်။ သူဟာ သူ့ဝေဒနာ ကို သူ့ဘာသာသူ ကြိတ်မှိတ်ခံစားရင်း ဒယိမ်းဒယိုင်နှင့် တရွေ့ရွေ့ လှမ်းနေရရှာတယ်။ သူက လေကို တဖူးဖူးနှင့် ရှူရှိုက်ရင်း မောပန်းနေ သလောက် ဘဝတူ မြည်းကတော့ သူ့ကျောပေါ်ပါတဲ့ တန်ဖိုးကြီး ငွေဒင်္ဂါးသံ တချွင်ချွင်အပေါ် သာယာပြီး လေတချွန်ချွန်နှင့် လိုက်ပါ လာတယ်။ လူတွေရဲ့ စိတ်သဘောအရ ပြောမယ်ဆိုရင် စိတ်ကြီးဝင်

ဘဝင်မြင့်နေတယ်ပေါ့ကွယ်။ ဘဝတူ မြည်းတစ်ကောင်ရဲ့ဒုက္ခကို တောင် ကိုယ်ချင်းမစာနိုင်တဲ့အထိ သွေးနားထင် ရောက်နေရှာသတဲ့။ သူဟာ သူ့ရဲ့ လတ်တလော ဘဝအနေအထားအပေါ် သာယာနေရုံမျှ မကဘဲ တစ်ဖက်သား စိတ်ထိခိုက်စေဖို့ ရည်ရွယ်ပြီး မခံချိမခံသာ စကားတွေကို ပြောပါသတဲ့။

"ကံတရားဆိုတာ ဒါပဲ ဖြစ်မယ်ဗျ။ ခင်ဗျားကျောပေါ်က လေးလံတဲ့ မုယောစပါး ၃ အိတ်ထက် ကျုပ်ကျောပေါ်က ရွှေဒင်္ဂါးတွေက အဆပေါင်း ရာထောင်ချီ တန်ဖိုးရှိတယ်ဗျ။ မြည်းချင်းတူပေမယ့် အသက်ရှူတာချင်း မတူဘူးဗျ။"

သူဟာ လည်ပင်းကို အပေါ်မြှင့်လိုက်ပြီး လည်ဆံမွေးတွေကို ခါယမ်းလိုက်တယ်။ သူ့ကိုယ်သူ သတ္တိရှိတဲ့ဟန်ပန်နှင့် အမြီးကို လှုပ်ယမ်းပြီး ခွာသံကို ပြင်းပြင်းနင်း လျှောက်ပါလေသတဲ့ ။ တစ်ခါ တစ်ခါ သခင်အားရ ကျွန်ပါးဝဆိုသလို သူ့သခင် ကျေနပ်အောင် တဟီးဟီးနှင့် အသံပြုပါလေသတဲ့။

တစ်နေ့ပြီးတစ်နေ့ တရွေ့ရွေ့နှင့် လှမ်းလာလိုက်ကြတာ သူဌေးကြီးနှင့် မြည်း ၂ ကောင်တို့ဟာ လူသူအရောက်အပေါက်နည်းတဲ့ တောနက်တစ်ခုအတွင်း ရောက်လာခဲ့ကြပါသတဲ့။

အဲဒီအချိန်မှာပဲ အပြိုင်းအရိုင်း ကြီးထွားသန်မာစွာ ပေါက်ရောက်နေတဲ့ ချုံနွယ်ပိတ်ပေါင်းအပင်ကြီးတွေရဲ့ နောက်ကွယ်မှာ ချောင်းမြောင်းခိုအောင်းနေတဲ့ လူဆိုးတစ်ယောက်ဟာ ဓားရှည်ကြီးနှင့် ထွက်လာပါလေရောတဲ့။

အဲဒီလူဆိုးဟာ မုယောစပါးအိတ်တွေ တနင့်တပိုး သယ်ထားရရှာတဲ့ မြည်းဘက်ကို ယောင်လို့တောင် လှည့်မကြည့်ဘဲ ငွေဒင်္ဂါးအပြည့်တင်ထားတဲ့ မြည်းပေါ်ကတောင်းကိုပဲ အာရုံထားပြီး အတင်းဆွဲချလုယူဖို့ ကြိုးစားပါလေရောတဲ့ကွယ်။ မြည်းခမျာ သူ့ကျောပေါ်က အဖိုးတန်ပစ္စည်းတွေကို ကာကွယ်ဖို့နေနေသာသာ သူ့ကိုယ်သူတောင် ဘယ်လိုကာကွယ်ရမှန်းမသိဘဲ ခုန်ပေါက်နေရရှာသတဲ့။

ပိုင်ရှင်ဖြစ်သူ သူဌေးကြီးဟာ သူ့စည်းစိမ်ဥစ္စာ ငွေတွေလူဆိုးနောက် မပါဖို့အတွက် ပါလာတဲ့ဓားကိုထုတ်ပြီး ခုခံဖို့ကြိုးစားတော့တာပေါ့။ လူဆိုးနှင့်သူဌေးကြီး ဓား ၂ လက်ကြားမှာ မြည်းခမျာဟိုဘက်တိမ်း ဒီဘက်ယိမ်း ကန့်လန့်ကန့်လန့်နှင့် ဒုက္ခ အကြီးအကျယ်ရောက်နေရတော့တာပေါ့။ ငွေတွေအပေါ် ရလိုဇောလောဘကြီးနေတဲ့လူဆိုးဟာ မြည်းကို ထုရိုက်လိုက်၊ ထိုးကြိတ်လိုက်၊ ဓားနှင့်ဆိုးလိုက်လုပ်နေတဲ့အတွက် မြည်းဟာ နာကျင်မှုဒဏ်ကို မချိမဆံ့

ခံနေရရှာ တယ်။ သူဌေးကြီးဟာ ပြန်လည်ခုခံနေတယ် ဆိုပေမယ့်၊ အိုနေပြီ ဖြစ်တဲ့အတွက် သူ့ရဲ့ခုခံမှုတွေဟာ အရာမထင် ဖြစ်နေတယ်။ နောက်ဆုံးမှာတော့ လူဆိုးဟာ မြည်းပေါ်က အပြည့်အသိပ်ထည့်ထားတဲ့ ငွေဒင်္ဂါးတွေကို ရအောင် ဖွတ်အတင်းလုယူပြီး ထွက်ပြေးသွားပါလေရောတဲ့။

သူဌေးကြီးဟာ စိတ်ရှိပေမယ့် ကိုယ် မလိုက်နိုင်တော့တဲ့အတွက် နှမြောတသ ကြေကွဲစွာပဲ မြည်းနှစ်ကောင်နှင့်အတူ ကျန်ရစ်ခဲ့ရရှာတယ်။ ခရီးစဉ်တစ်လျှောက်လုံး သူ့ကိုယ်သူ ဂုဏ်ယူဘဝင်မြင့် မောက်ကြွားခဲ့တဲ့ မြည်းဟာ သူ့ကျောပေါ်က အဖိုးတန်ရတနာတွေကို မကာကွယ်နိုင်တဲ့အပြင် လူဆိုးဒဏ်ကြောင့် မရှုမလှဝေဒနာခံစားပြီး ကျန်ခဲ့ရရှာတယ်။ သူဟာ သူ့ဘဝကိုသူ အခုမှတွေးမိသွားပြီး စိတ်ထဲက ကြေကြေကွဲကွဲခံစားရင်း ရေရွတ်နေမိတယ်။

"အဟိတ်တိရစ္ဆာန်အပေါ် မညှာမတာ ရက်ရက်စက်စက် ပြုရက်လေခြင်း။ ငါ့မှာတော့ ငါ့သခင်အလိုတော်ကျ သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေကို အလေးခံ သယ်ပိုးပြီး ခရီးပြင်းကို နှင်လိုက်ရတာ။ အခုတော့ ဆုလာဘ်က အရိုက်ခံရ၊ အလှီးအဖုံခံရနှင့် ဒီဒဏ်ရာတွေနှင့် ရှေ့ဆက်သွားဖို့နေနေသာသာ အိမ်ပြန်ဖို့တောင် ခက်နေပြီ။"

မောက်ကြွားလို့ ဒဏ်ရာများစွာရခဲ့တဲ့ မြည်းရဲ့ မချိတင်ကဲ ရေရွတ် ညည်းတွားသံကို ကြားလိုက်ရတယ်ဆိုရင်ပဲ မုယောစပါး ၃ အိတ် ကျောပေါ် အရာမယွင်း တင်ထားခံရတဲ့ မြည်းက ၂ ကောင်သား ကြားအောင် ရေရွတ်ပြောဆိုလိုက်တယ်။

"တော်သေးတာပေါ့။ ငါ့ကျောပေါ်မှာ တန်ဖိုးနည်းတွေပဲ ပါပေလို့။ နို့မဟုတ်ရင် ဒီဒဏ်ရာဒဏ်ချက်တွေဟာ ငါ့အတွက်ပဲ ဖြစ်မှာ။ ဘယ်အရာမဆို ကံပြုသမျှပဲလေ။ ကိုယ်ထားတဲ့စေတနာရဲ့ အကျိုးကို ကိုယ်ပဲ ခံစားရမှာ။ ငါ့သခင် စည်းစိမ်ပြုတ်သွားပေမယ့် သူစားဖို့ ရိက္ခာကတော့ ပြုတ်မသွားသေးပါဘူး။ သူ့အသက်ရိက္ခာကို ငါ့ကျောပေါ်တင်ပြီး လေးပင်စွာ အိမ်ပြန်ရပေမယ့် ငါ မပင်ပန်းတော့ဘူး။ စိတ်ထဲ 'တရားတယ်၊ မတရားဘူး။' မတွက်တော့ဘူး။ ငါ ပေါ့ပါး ပျော်ရွှင်စွာ စိတ်လိုလက်ရသွားမယ်။"

ကလေးတို့ရေ၊ မုယောစပါး ၃အိတ်ကို မနိုင့်တနိုင် ဒယိမ်းဒယိုင် အိပ့်အိပ့် သယ်လာတဲ့မြည်းဟာ ခေါင်းငိုက်စိုက်ချ လိုက်ပါလာတဲ့ လူတစ်ယောက်နှင့် မြည်းတစ်ကောင်ကြားမှာ ရဲဝံ့ဝင့်ကြွားတဲ့ မြည်းတစ်ကောင်ပေါ့။ သူ့ရဲ့ ခပ်ပြင်းပြင်းချွာသံတွေက ကြားသူ အပေါင်းကို တုန်လှုပ်စေတယ်။ ပြီးတော့ တက်ကြွစေတယ်။

ကဲ-အလှည့်အပြောင်းမှာ ခါးမစောင်းစေဖို့ ဒီဂျယန်ပုံပြင် ကလေးနှင့်ပဲ သာဓကပြ ဆုံးမလိုက်ပါရစေကွယ်။ ဘယ်သော အခါမှ ကိုယ့်ကျောပေါ်က ဝန်ထုပ်တွေအတွက် မညည်းညူလေနှင့်။ မာန်လည်း မတက်လေနှင့်။ ။

# ကျေးဇူးဆပ်တဲ့ ခွေးလိမ္မာ



ပန်းရွှေပြည်စာအုပ်တိုက်

# ကျေးဇူးဆပ်တဲ့ ခွေးလိမ္မာ

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ ဂျပန်ပြည်ရဲ့ဝေးလံခေါင်ဖိုက်တဲ့ ကျေးရွာတစ်ရွာမှာ အင်မတန် ဆင်းရဲပေမယ့် သူမတူအောင် ရိုးသားဖြူစင်တဲ့ အဘိုးအိုလင်မယား နေထိုင်ကြပါသတဲ့။ သူတို့ဟာ ကျောထောက်နောက်ခံ သားသမီးမရှိရှာကြဘူး။ လမ်းဘေးက ကောက်ရတဲ့ အဖြူရောင် ခွေးငယ်ကလေးတစ်ကောင်ကို "ရှီယို"လို့ နာမည်ပေးပြီး သားသမီးအရင်းပမာ ကျွေးမွေးပြုစုထားပါသတဲ့။ သူတို့လင်မယားဟာ ခွေးကလေးရှီယိုကို အလွန်ချစ်ကြတာပေါ့။

တစ်နေ့မှာပေါ့ကွယ်။ အဘိုးအိုဟာ သူပိုင်ဆိုင်တဲ့ ဥယျာဉ်ကလေးထဲဆင်းပြီး တနိုင်တပိုင်စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်တွေကို ခူးဆွတ်သင့်တာခူးဆွတ်၊ ပြန်လည်စိုက်ပျိုး ဖို့အတွက် မြေဆွသင့်တာကိုဆွ လုပ်နေတုန်းမှာပဲ၊ သူနှင့်မနီးမဝေးကို ခွေးကလေးရှီယို ရောက်လာခဲ့တယ်။

ရှီယိုဟာ မြေကြီးတစ်နေရာကို ကြည့်ပြီး အဆက်မပြတ် ဟောင်ပါလေရောတဲ့။ မဟောင်စဖူး အဟောင်ထူးတဲ့ ရှီယိုဟာ

F3A

ဟောင်နေတာကိုရပ်ပြီး မြေကြီးပေါ်က မြေစိုင်ခဲတွေကို သူ့လက် ၂ ဖက်နှင့် အားပါးတရ ယက်ထုတ်ပါလေရောတဲ့။

သူ့သခင် အဘိုးကြီးဟာ အစဦးတော့ အံ့ဩနေတယ်။ နောက်မှ သူ စဉ်းစားမိတာက- 'ဒီကောင်တော့ မြေကြီးထဲရှိတဲ့ အမဲရိုးကို အနံ့ခံမိလို့ ခွေးဗီဇ ပြနေတာပဲဖြစ်မယ်။'

ဘိုးကြီးဟာ သူ့လုပ်လက်စ မြေဆွတာကို ဆက်လုပ်နေ လိုက်တယ်။

ရှီယိုဟာ သူ့လက်နှင့် ယက်နေတာ အဆင်မပြေတဲ့အတွက် သခင်ကို တအီအီအသံပြုပြီး အကူအညီတောင်းတဲ့အတွက် အဘိုးအို ဟာ သူ့အလုပ်ကို ရပ်လိုက်ပြီး ရှီယိုအနားကို ရောက်သွားတယ်။

'ရှီယို ဘာကို ဘာအတွက် ဟောင်နေတယ်။' ဆိုတာကို သိချင်စိတ်နှင့် မြေကြီးဆီငုံ့ကြည့်လိုက်တော့ ဘာဆိုဘာမှ မတွေ့ရ ဘူးတဲ့။

"ဟေ့ကောင်-မင်း ဘာကိုတွေ့လို့ ဟောင်နေရတာလဲကွာ။ အဘိုးကို အလုပ်ပျက်အောင် ကျီစားနေတာလား။ အဘိုး အလုပ်ပြီး တော့မှာပါကွ။ ပြီးရင် အိမ်ထဲ ဝင်မယ်လေ"

ရှီယိုဟာ အဘိုးအိုကို သေချာကြည့်ပြီး မြေကြီးကို နမ်းပြ လိုက်၊ တအီအီ အသံပြုလိုက်လုပ်နေလို့ အဘိုးအိုဟာ အံ့သြသွားပြီး ရှီယိုပြ နေတဲ့နေရာကို တူးရွင်းနှင့်တူးလိုက်တယ်။

ကလေးတို့ရေ။ အဘိုးအိုက ခပ်သွက်သွက်ကလေး တူးလိုက် တယ်ဆိုရင်ပဲ မကြာခင် သတ္တုနှင့်ထိခိုက်မိတဲ့အသံကို ကြားလိုက် ရသတဲ့။ သူဟာ အံ့သြသွားကာ အထဲကိုနှိုက်ပြီး ကော်ထုတ်လိုက်တဲ့ အခါမှာတော့ ရွှေရောင်တလက်လက်နှင့် ရွှေဒင်္ဂါးတွေ တစ်ပြုံကြီး မြေပေါ်က ထွက်လာပါလေရောတဲ့ကွယ်။

"ဟာ-ရှီယိုရေ။ ရွှေ-ရွှေဒင်္ဂါးတွေကွ။ အများကြီးပဲဟေ့။ ငါတို့တော့ ချမ်းသာပြီ။"

အဘိုးကြီးဟာ ထခုန်မတတ် ဝမ်းသာအားရ ဖြစ်နေတာကို ခွေးကလေးရှီယိုက သဘောကျသလို ကြည့်နေသတဲ့။ သူ့လုပ်ရပ် အပေါ် သူ ကျေနပ်အားရနေတဲ့ ပုံစံပေါ့ကွယ်။

မထင်မှတ်တဲ့ ကံကြမ္မာ အလှည့်အပြောင်းအပေါ် အဘိုးကြီး အံ့သြမင်သက်နေမိတယ်။ သူဟာ ဝမ်းသာလွန်းလို့ တုန်ယင်နေသတဲ့။ ရွှေဒင်္ဂါးတွေကို အဝတ်စတစ်ခုထဲ တစ်ပြားမကျန် သိမ်းကြုံးထည့် ယူပြီး အိမ်ထဲကို အမြန်ဆုံး ပြန်ဝင်လာခဲ့တယ်။

အဘိုးကြီးပြတဲ့ ရွှေဒင်္ဂါးတွေဟာ တစ်အိမ်လုံးကို မီးထွန်းလိုက်သလို လင်းထိန်သွားသတဲ့ကွယ်။ အဘွားအိုဟာ ဝမ်းသာလွန်းလို့ ရှီယိုကလေးကို အားပါးတရပွေ့ဖက်ရင်း မျက်ရည်တွေတောင် ကျလာပါသတဲ့။

"ကျုပ်တို့လင်မယား တစ်သက်လုံးလုံး ဒီလိုဆင်းဆင်းရဲရဲနှင့်သေရပြီ ထင်နေတာရှင့်။ သားလေး ရှီယိုကြောင့် ကျုပ်တို့ သုံးမကုန်ဖြုန်းမကုန် ချမ်းသာပြီတော့။ ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်နိုင်ပြီ။ ကျေးဇူးကြီးပါဘိ ရှီယိုရယ်။"

ကလေးတို့ရေ။ ရှီယိုရဲ့ကျေးဇူးကြောင့် အဘိုးကြီးလင်မယားဟာ ဆောင်းခိုဖို့အတွက် စားနပ်ရိက္ခာ ဝမ်းစာတွေကို ဖူလုံရုံမကဘားပတ်ဝန်းကျင်ကိုပါ ဒါနပြုလှူဒါန်းပေးကမ်းနိုင်တော့တာပေါ့။

နေ့ချင်းညချင်းပြောင်း လဲသွားတဲ့ အဘိုးကြီးလင်မယားကိုကြည့်ကာ တစ်ရွာလုံးက မုဒိတာပွားပြီး ဝမ်းသာနေကြတာပေါ့။ ကောင်းကျိုးပြုတဲ့ ခွေးကလေးရှီယိုအပေါ်လည်း ချီးမွမ်းမဆုံးဖြစ်နေကြတာပေါ့။

လောကမှာ သူတစ်ဦးတစ်ယောက် ကြီးပွားချမ်းသာလာပြီဆိုရင် ကောင်းတဲ့စိတ်နှင့် ဝမ်းသာတဲ့သူတွေ ရှိကြသလိုပဲ၊ မကောင်း

တဲ့စိတ်၊ မနာလိုမရှုစိမ့်တဲ့စိတ်နှင့် ဒုက္ခပေးဖို့ ကြံနေတဲ့သူတွေလည်း ရှိကြတယ်ကွယ့်။ အခုပဲကြည့်လေ။ သူတို့ရဲ့ အိမ်နံဘေးမှာနေထိုင်တဲ့ အိမ်နီးချင်း လူတစ်ယောက်ဟာ ခွေးတစ်ကောင်ကြောင့် နေ့ချင်းညချင်း ကျိုကျို တက်ချမ်းသာသွားတဲ့ အိမ်နီးချင်း အဘိုးအိုလင်မယားကို ကြည့်ပြီး မနာလိုစိတ်တွေဖြစ်လာတယ်။ သူတို့လို ချမ်းသာချင်တဲ့ လောဘစိတ်က တစ်နေ့တခြား သိသိသာသာ တဖွားဖွားပေါ်လာတယ်။

ကလေးတို့ရေ။ အဲဒီလူဟာ အလွန်ရက်စက်ကြမ်းကြုတ်ပြီး လောဘရမ္မက် မောဟမာန်မာနကြီးသူဖြစ်သတဲ့။

"မတရားတဲ့ မိုးနတ်မင်းကြီးပဲ။ ငါ့လို အရွယ်ကောင်းရှိတဲ့ လူကိုကျ ကံဆိုးစေပြီး၊ ဒီလို သေခါနီး သချိုင်းခြေလှမ်းနေတဲ့ လူအို တွေကျ ကံကောင်းစေတယ်။ ဒါ မတရားမှုပဲ။ ဘာမဟုတ်တဲ့ ခွေးက ကံကောင်းစေနိုင်သတဲ့လား။ ဟုတ်၊ မဟုတ် စမ်းကြည့်မယ်။ ငါ့မြေ ယာမှာ ရွှေတွင်း ရှိမရှိ ပြခိုင်းရမယ်။"

ယုတ်မာပက်စက်တဲ့ အိမ်နီးချင်းဟာ ချက်ချင်းပဲ တစ်ဖက်မှာ ရှိတဲ့ အဘိုးအိုလင်မယားဆီသွားပြီး ရှီယိုကို ခဏငှားဖို့ တောင်းသတဲ့။

"လိမ္မာလှတဲ့ ခွေးကလေးကို ချစ်လွန်းလို့ အိမ်ဘက် ခဏခေါ် သွားပါရစေ ခင်ဗျာ။"

အိမ်နီးချင်းလူကြီးရဲ့ မှုမမှန်တဲ့ တောင်းခံသံစကားကို ကြား
တော့ အဘိုးအိုလင်မယားဟာ သံသယနှင့် ဇဝေဇဝါဖြစ်သွားသတဲ့။
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး၊ အဘိုးအိုက-

"အို-မဖြစ်နိုင်တာပဲ။ မင်းဟာ တိရစ္ဆာန်တွေအပေါ် အရမ်း
ရုန်းတတ်သူလို့ ကြားသိနေရတာ။ 'ရှီယိုကို ချစ်လို့' ဆိုတော့ အံ့သြစရာ
ဖြစ်နေသလားလို့။"

"ဟုတ်ပါ့တော်။ ဟိုတလောကတောင် ရှီယို သူ့ခြံထဲ ဝင်
လာလို့ တုတ်နှင့်ရိုက်လွှတ်သေးတယ် မဟုတ်လား။"

အဘိုးကြီးနှင့် အဘွားကြီးရဲ့စကားကို ကြားတော့ အိမ်နီးချင်း
ဟာ စိတ်ဆတ်သူပီပီ သူလိုရာကို တဲ့တိုးပဲ ပြောလိုက်တယ်။

"ခင်ဗျားတို့မြေနှင့် ကျုပ်မြေက တစ်ဆက်တည်း မဟုတ်
လား။ ခင်ဗျားတို့မြေထဲက ရွှေဒင်္ဂါးရသလို ကျုပ်ခြံမြေထဲကလည်း
ရွှေဒင်္ဂါး ရနိုင်တယ်ဗျ။ ဒါကြောင့် ဒီကောင့်ကို အနံ့ခံခိုင်းပြီး တူးကြည့်
မလို့ဗျ။ ကဲ-ရှင်းပြီလား။"

အဘိုးကြီးဟာ ကြင်နာသနားတတ်သူပီပီ လူတစ်ယောက်
ချမ်းသာဖို့ စေတနာရှိတဲ့အတွက် 'အကူအညီပေးမယ်' လို့ ဆုံးဖြတ်ပြီး
ရှီယိုကို ထည့်ပေးလိုက်တော့သတဲ့။ ရှီယိုဟာ လူလောက်နီးနီး သိတတ်
လိမ္မာသူဆိုတော့ မလိုက်ချင်ဘဲ အင်တင်တင်နှင့် လိုက်သွားခဲ့ရတယ်။

အိမ်နီးချင်းဟာ စိတ်တိုနေသူမို့ သခင်တွေအလစ်မှာ ရှီယိုကို တစ်ချက် ပိတ်ကန်လိုက်သေးတယ်။ ရှီယိုခမျာ နာပေမယ့် မအော်ရှာပါဘူး။

ရှီယိုဟာ အိမ်နီးချင်းရဲ့ ခြံပတ်လည်တစ်လျှောက် လိုက်လံ အနံ့ခံပေမယ့် အချိန်ကြာတဲ့အထိ ဘာမှ မတွေ့ရတဲ့အတွက် ယုတ်မာတဲ့ အိမ်နီးချင်းဟာ စိတ်မရှည်ဘဲ ဒေါသတွေ ထွက်လာတော့တယ်။ သူဟာ ခွေးကလေးကို ပိတ်ကန်ဖို့ ပြင်နေစဉ်မှာပဲ ရှီယိုကလေးဟာ မြေကြီး တစ်နေရာကို ယောင်ပြီးတော့ လက် ၂ ဖက်နှင့် ယက်ပါလေ ရောတဲ့။ ဒါကိုမြင်လိုက်ရတယ်ဆိုရင်ပဲ လူကြီးဟာ ချက်ချင်းပဲ အဲဒီ နေရာကို ဝမ်းသာအားရ တူးတော့တာပေါ့ကွယ်။

ကလေးတို့ရေ။ သူထင်ထား သလို မြေကြီးထဲက ရွှေဒင်္ဂါးတွေ ထွက်မလာဘဲ အမှိုက်စုတ်တွေသာ ထွက်လာသတဲ့။ ယုတ်မာရက်စက် တဲ့ အိမ်နီးချင်းဟာ အလွန်ဒေါသထွက်ပြီး ရှီယိုကို သူ့လက်ထဲက တူးရှင်းနှင့် အားကုန်လွှဲရိုက်လိုက်တာပေါ့။ ရှီယိုကလေးခမျာ အသံ တောင် မထွက်နိုင်ရှာဘဲ ဆန့်ငင်ဆန့်ငင် အသက်ထွက်သွားပါလေ ရောတဲ့။ သူဟာ ရှီယိုရဲ့အလောင်းကို အဘိုးအိုခြံရှေ့က ထင်းရှူးပင် ကြီးအောက်မှာ လူမသိအောင် မြှုပ်ထားလိုက်တယ်။



ပန်းရွှေပြည် စာအုပ်တိုက်

နောက် ၂ ရက်လောက်ကြာတော့ အဘိုးအိုဟာ သူ့ချွေးကလေး ရှိုယို အခုထိ ပြန်မလာသေးတဲ့အတွက် စိုးရိမ်စိတ်နှင့် တစ်ဖက်ခြံထဲ ကူးလာပြီး အိမ်နီးချင်းကို မေးလိုက်တယ်။

"ရှိုယိုကလေးကို ပြန်လာမပို့လို့ အခုလာခေါ်တာ။ ရှိုယို ဘယ်မှာလဲ။"

ဒေါသမပြေသေးတဲ့ အိမ်နီးချင်းက–

"အသုံးမကျတဲ့ ခွေးဖျားချွေးကို ရိုက်သတ်လိုက်ပြီ။ တော်တော် စိတ်ဒုက္ခပေးတဲ့ကောင်။ အမှိုက်စုတ်တွေကိုပဲ တူးပေးတယ်။"

အိမ်နီးချင်းလူရဲ့ အညှာအတာမဲ့တဲ့စကားကို ကြားရတော့ အဘိုးအိုဟာ မျက်ရည်သွင်သွင်ကျလာပြီး–

"သူ–သူ့ကို မင်း ဘယ်မှာ ပစ်ထားလိုက်လဲ။" လို့မေးလိုက်တော့–

"ခွေးဖျားအိမ်ရှေ့က ထင်းရှူးပင်အောက်မှာ မြှုပ်ပေးထားတယ်။ မကျေနပ်ရင် တိုင်ချင်ရာတိုင်။ တိုင်ရဲရင် တိုင်။"

အိမ်နီးချင်းဟာ အဲဒီလို လူမိုက်စကားပြောပြီး၊ သူ့အိမ်ထဲ ဝင်သွားကာ တံခါးကို ဆောင့်ပိတ်ပစ်လိုက်တယ်။

ဘယ်အရာအပေါ်မဆို အကောင်းမြင်ပြီး ကြင်နာ သနားတတ်တဲ့အဘိုးအိုဟာ မိုက်မဲတဲ့သူနှင့် ဖက်ပြိုင်ပြီး မပြောချင်တော့တဲ့အတွက် သူ့အိမ်ဆီ ကြေကွဲစွာပြန်လာခဲ့သတဲ့။

"တကယ်တော့ ခေါ်သွားတဲ့ သူ့မှာရော၊ လိုက်သွားတဲ့ ရှီယိုမှာပါ အပြစ်မရှိပါဘူး။ သဘောကောင်းပြီး ထည့်ပေးလိုက်မိတဲ့ ငါ့အပြစ်ပါပဲ။"

အဘိုးအိုဟာ သူ့ကိုယ်သူပဲ ဖြေမဆည်နိုင်အောင် အပြစ်တင်ပြီး 'သတ္တဝါတစ်ခု ကံတစ်ခု' သဘောထားကာ၊ ခွေးကလေးကို သူ့ခြံဝင်းထဲ မြေတူးပြီး ကျကျနန မြှုပ်နှံပေးလိုက်တယ်။

အသွားကြီးက သားနှင့်မခြားချစ်ရတဲ့ သူတော်ကောင်းရှီယိုကလေးအတွက် မြေပုံပေါ်မှာ ပန်းပွင့်ကလေးတွေကို ကြဲချပေးထားလိုက်သတဲ့။

အဲဒီညမှာပဲ အဘိုးအိုရဲ့အိပ်မက်ထဲကို ခွေးကလေးရှီယို ရောက်လာပြီး အခုလို ပြောပါသတဲ့။

"အဘိုးတို့ ကျွန်တော့်ကို မြှုပ်ထားတဲ့နေရာမှာ ရှိနေတဲ့အပင်ကြီးကို ခုတ်ပြီး ဆန်ဖွပ်ဖို့တွက် ကြိတ်ဆုံတစ်ခု လုပ်လိုက်ပါ။"

ထူးဆန်းတဲ့အိပ်မက်အကြောင်း ဇနီးသည်ကို ပြောပြလိုက်ပြီး "ရှီယိုပြောတဲ့အတိုင်း လုပ်မယ်။" လို့ သဘောတူလိုက်ကြတယ်။

"သူဟာ သာမန်ခွေးတစ်ကောင် မဟုတ်ဘူး။ သူဟာ ငါတို့ကို အိုစာမင်းစာတင် မကဘူး။ နောင်သံသရာပါတဲ့အထိ ကျေးဇူးပြုတဲ့ လူထက်သာတဲ့သတ္တဝါ ဖြစ်တဲ့အတွက် သူပြောတဲ့အတိုင်း ငါတို့ လုပ်ကြမယ်။ တစ်ခုခုထူးခြားမှာ သေချာတယ်။"

အဘိုးအိုဟာ ရှီယိုမှာတဲ့အတိုင်း ထင်းရှူးပင်ကြီးကို ခုတ်ပြီး ဆန်ဖွပ်လို့ရတဲ့ ကြိတ်ဆုံကြီးတစ်ခု လုပ်လိုက်တယ်။ ကြိတ်ဆုံအသစ်ထဲကို မုယောစပါးတွေ ထည့်ဖွပ်ကြည့်လိုက်တယ် ဆိုရင်ပဲ၊ ဖြူဖွေးတဲ့ မုယောဆန်တွေ ထွက်မလာဘဲ ဖွပ်လိုက်တဲ့ စပါးစေ့တိုင်းဟာ အရောင်ဝင်းလက်နေတဲ့ ရွှေဒင်္ဂါးပြားတွေအဖြစ် ထွက်လာပါသတဲ့။

အဘိုးအို လင်မယားဟာ ကြိတ်ဆုံထဲ ဆန်တစ်ဆုပ်ထည့်လိုက်၊ ဖွပ်လို့ လွင့်စဉ်လာတဲ့ ရွှေဒင်္ဂါးတွေ သိမ်းကြုံးကောက်လိုက်နှင့် ပျော်မဆုံး ဖြစ်နေကြတာပေါ့ကွယ်။

သူတို့ဟာ ရှီယိုရဲ့ကျေးဇူးကြောင့် အရင်ကထက် ပိုပြီး ချမ်းသာလာကြတာပေါ့။ ခွေးကလေးရှီယိုဟာ သူ သက်ရှိထင်ရှား မရှိတော့

ပေမယ့် အိပ်မက်ထဲကနေ သူ့အသက်သခင် အဘိုးအဘွားတို့ကို တတ်နိုင်တဲ့ဘက်က ကျေးဇူးပြန်ပြုနေတာပဲ ဖြစ်တယ်ကွယ့်။

အဲဒီသတင်းကို တစ်ဖက်ခြံမှာနေတဲ့ အိမ်နီးချင်းလူက သိသွားတော့ အရင်ကထက်တောင် ပိုပြီး ဒေါသတွေ ထွက်လာတာပေါ့။

"ခွေးစုတ်ခွေးယုတ်။ ငါ့ကိုကျတော့ အမှိုက်စုတ်တွေပဲ ရှာပေးတယ်။ သေခါနီးတွေကျတော့ ရွှေဒင်္ဂါးတွေ တဖွဲ့ဖွဲ့ပေးနေတယ်။ သေပြီးတာတောင် ယုတ်ချင်သေးတဲ့ကောင်။"

သူဟာ တစ်ဖက်အိမ်ကို မနာလိုဝန်တိုခြင်းကြီးစွာနှင့် ကူးသွားပြီး အဘိုးအိုလင်မယားကို ပြောလိုက်ပါသတဲ့။

"ခင်ဗျားတို့ရဲ့ ကြိတ်တဲ့ဆုံ ခဏလောက်ငှားဗျာ။"

ယုတ်မာရက်စက်တဲ့ အိမ်နီးချင်းစကားကို ကြားတော့ အဘိုးအိုဟာ ထောင်းခနဲ ဒေါသထွက်သွားပေမယ့် သူဟာ စိတ်သဘောကောင်းသူဖြစ်တဲ့အတွက် လေသံအေးအေးနှင့် ပြောလိုက်တယ်။

"တစ်ခါကလည်း ငါ့ဆီက ခွေးကလေးကိုငှားပြီး ရက်ရက်စက်စက် သတ်ပစ်ခဲ့တယ်။ အခုလည်း ဘယ်လိုရည်ရွယ်ချက်နှင့် ဒီဆုံကို လာငှားတာလဲ။"

အဘိုးအိုက အဲဒီလို ပြောလိုက်တယ်ဆိုရင်ပဲ အကြံသမား အိမ်နီးချင်းဟာ လေသံကို အချိုသာဆုံးဖြစ်အောင်ကြိုးစားပြီး မျက်နှာငယ်ကလေးနှင့် ပြောလိုက်သတဲ့။

"ဘယ်လိုအကြံမှ မရှိရိုး အမှန်ပါခင်ဗျာ။ အိမ်ကစပါးတွေ မဖွပ်ရသေးလို့ အခုထိ ထမင်းတောင် မစားရသေးပါဘူး။ အိမ်က ကြိတ်ဆုံကွဲနေလို့ ခဏလောက် လာငှားရတာပါ။"

အဘိုးကြီးဟာ အိမ်နီးချင်းရဲ့စကားကို မယုံပေမယ့်၊ 'ဒီလူကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ လမ်းကြောင်းမှန်ပေါ် ထိန်းကျောင်းပြုပြင် ပေးလို့ ရတယ်။ ဒါမှ သူ့မှာရှိနေတဲ့ ယုတ်မာကောက်ကျစ်တဲ့စိတ်တွေ ပျောက်ပြီး လူကောင်းဖြစ်သွားမှာ' ဆိုတဲ့ အကောင်းမြင်စိတ်ကိုထားပြီး ရွှေဒင်္ဂါးထွက်တဲ့ကြိတ်ဆုံကို ပေးလိုက်ပါသတဲ့ကွယ်။

"ကြိတ်ပြီးတာနှင့် အခုချက်ချင်း လာပြန်ပို့ရမယ်နော်။ မကြာ စေနှင့်။" လို့တောင် စိတ်မချစွာ မှာလိုက်သေးတယ်ကွယ့်။

အိမ်နီးချင်းဟာ ကြိတ်ဆုံကို 'ယူပြီး' စကားတောင် ပြန်မပြော တော့ဘဲ အလောတကြီး သူ့ခြံကို ကူးသွားခဲ့တယ်။

အဘွားအိုကတော့ မပြောသာလို့သာ မပြောရတာ။ ပါးစပ်က ဗျစ်တောက်ဗျစ်တောက်နှင့်ပေါ့ကွယ်။

"ရှင်မို့ အမှတ်သည်းခြေမရှိတာယ်။ ရှိုယိုတုန်းကလို အကောက်ကြံလိုက်ရင် ဘယ်လိုလုပ်မလဲ။"

"ကံပေါ့ မိန်းမရယ်။ 'အိမ်နီးချင်းကောင်း' ဆိုတာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဒုက္ခရောက်နေရင် ကူညီကောင်းပါတယ်ကွယ်။ မကောင်းတဲ့သူနှင့် ကောင်းတဲ့သူ အားပြိုင်ရင် ကောင်းတဲ့ သူပဲ တစ်နေ့ အနိုင်ရမယ် မဟုတ်လား။ ဒီလူက ပြုပြင်ထိန်းကျောင်းလို့ ရပါသေးတယ်။ တစ်နေ့ ငါတို့ရဲ့စေတနာကို သူနားလည်လာမှာပါကွာ။ ငါတို့လည်း အိုနေပြီ။ ရွှေဒင်္ဂါးတွေကို အများကြီး မလိုတော့ပါဘူးကွာ။ စားလို့ ဖူလုံရုံ လှူဖို့ လောက်ရုံဆိုတော်ပြီပေါ့။"

အဘိုးအိုက သူ့ဇနီးသည်ကို ဖျောင်းဖျပြောဆိုသတဲ့။

ကလေးတို့ရေ။ အဘွားအို ထင်ထားတဲ့ အတိုင်းပဲပေါ့ကွယ်။ ယုတ်မာသူ အိမ်နီးချင်းလူကြီးဟာ အိမ်ပေါ်ရောက်တာနှင့် သူ့မှာရှိတဲ့ မှုယောစပါးတွေကို ကြိတ်ဆုံထဲထည့်ပြီး အားပါးတရ ကြိတ်ပါလေရောတဲ့။ သူ့မျက်စိထဲမှာတော့ ဆန်စေ့ဖြူဖြူတွေအစား ရွှေရောင်တလက်လက် ဒင်္ဂါးပြားတွေ တချွင်ချွင် ထွက်ကျလာမယ်လို့ ယုံကြည်နေတာပေါ့။ ဒါပေမယ့် ဆန်စေ့တွေဟာ ရွှေဒင်္ဂါးတွေဖြစ်မလာဘဲ မြေမှုန့်တွေဖြစ်ပြီး ဆုံထဲက လွင့်ကျလာတာကို တွေ့ရတာပေါ့ကွယ်။

"လာပြန်ပြီ တစ်ခါ။ ငါ့ကိုစိတ်ဒုက္ခပေးတဲ့ ကြိတ်ဆုံ။ ပြာပုံ ဖြစ်ရော့ဟာ။"

သူဟာ ဒေါသတကြီးနှင့် အော်ဟစ်ဆဲဆိုရင်း ကြိတ်ဆုံကြီးကို မီးဖိုထဲကို ပစ်ချလိုက်သတဲ့။ ထင်းရှူးသားကြိတ်ဆုံကြီးဟာ မီးဖိုထဲမှာ လောင်ကျွမ်းပြီး ပြာကျသွားတော့တာပေါ့ကွယ်။

ဒါတွေကို အဘိုးအိုခမျာ မသိရှာသေးဘူးပေါ့။

အဲဒီညမှာပဲ သူ့အိပ်မက်ထဲကို ရှီယိုကလေး ရောက်လာပြန်သတဲ့။

"အဘိုးရေ။ ဟိုလူကြီးတော့ သားရဲ့ဝိညာဉ်ကို ၂ ခါသတ်လိုက်ပြန်ပြီ။ သားကို သူက မီးရှို့ပစ်လိုက်ပြီလေ။ အဘိုး သူ့ကို ဘာမှ သွားပြောမနေပါနှင့်တော့။ တစ်နေ့ သူ အသိတရား ရလာပါလိမ့်မယ်။ အဘိုး အခုလုပ်ရမှာက အဲဒီ မီးလောင်ပြာကျသွားတဲ့ ကြိတ်ဆုံက ပြာတွေကို သွားယူပြီး ရှိရှိသမျှ အပင်တွေအပေါ် ကြဲချလိုက်ပါ။ အပင်တိုင်း သူ့ရာသီ မဟုတ်ပေမယ့် လှပတဲ့ပန်းတွေ ဝေဝေဆာဆာ ပွင့်လာကြပါလိမ့်မယ်။"

ရှီယိုကလေးဟာ အဘိုးအိုကို အိပ်မက်ပေးပြီးတဲ့နောက် ကွယ်ပျောက်သွားတယ်။

အိပ်ရာက လန့်နိုးလာတဲ့ အဘိုးအိုဟာ အဘွားအိုကို အကြောင်းစုံပြောပြပြီး ဝမ်းနည်းလွန်းလို့ ၂ ယောက်သား ဖက်ငိုကြတာပေါ့။

"ကံဆိုးလွန်းတဲ့ ရှီယိုကလေးရေ။ ပြာပုံဘဝ ရောက်တဲ့အထိ သနား ရှိတုန်းပဲလားကွယ်။ အမေတို့ သားကလေးရယ်။" လို့ ပါးစပ်က တတွတ်တွတ် ပြောနေတယ်။

နောက်တစ်နေ့ မိုးလည်းလင်းရော၊ အဘိုးအိုဟာ အိမ်နီးချင်းရဲ့ အိမ်ဘက် ကူးသွားတော့ ယုတ်မာတဲ့သူကို မတွေ့ရဘဲ မီးဖိုအနီးမှာ ကြီးမားတဲ့ ပြာပုံကြီးတွေ့တာနှင့် ပြာတွေကို တောင်းတစ်ခုနှင့်ကျုံးပြီး အိမ်ကို ယူဆောင်လာခဲ့တာပေါ့။

အဘိုးအိုဟာ ချက်ချင်းပဲ သူ့ခြံဝင်းထဲမှာ စိုက်ပျိုးထားတဲ့ အပင်ပေါက်၊ အပင်ကြီး မှန်သမျှတွေအပေါ် နည်းနည်းစီ ကြဲချလိုက်တယ်ဆိုရင်ပဲ အံ့အားသင့်စရာ ကောင်းလှအောင် ချက်ချင်းဆိုသလို အပင်မှန်သမျှဟာ ဖူးရာမှ ငုံ၊ ငုံရာမှ ပွင့်အာလာကြသတဲ့။ ချယ်ရီပင်က အစ သူ့ရာသီ သူ့အချိန် မဟုတ်ဘဲ လှပဝေဆာတဲ့ ပန်းတွေ သူ့ထက်ငါ အပြိုင်ပွင့်လာကြတာကို မြင်လိုက်ကြရတယ်။

အဘိုးအိုရဲ့ သာမန်စိုက်ခင်းဥယျာဉ်ကလေးဟာ တစ်ခဏချင်းမှာပဲ အင်မတန်လှပတဲ့ ပန်းဥယျာဉ်ကြီးသဖွယ် ဖြစ်သွားသတဲ့။

ပန်းရွှေပြည်စာအုပ်တိုက်

အင်မတန်လှပတဲ့ ရှုခင်းကလေးကို ကြည့်ပြီး အဘိုးအိုဟာ ပျော်ရွှင်မြူးထူးသွားတယ်။

ရွာထဲဝင်ပြေးကာ တွေ့မြင်သမျှ အပင်တွေအပေါ် သူယူလာတဲ့ ပြာမှုန့်တွေကို နည်းနည်းစီ ဖြန့်ကြဲလိုက်ပါသတဲ့။ ရွာထဲမှာရှိတဲ့ အပင်တိုင်းလိုလို ပန်းတွေ လှပဝေဆာစွာ ပွင့်လာကြတဲ့အတွက် တစ်ရွာလုံးဟာ ပျော်ရွှင်လို့မဆုံး ဖြစ်နေကြတာပေါ့ကွယ်။

"ရှီယိုကလေးဟာ နောက်ဆုံးအချိန်ထိ ငါတို့တစ်ရွာလုံးကို လှပအောင် လုပ်ပေးသွားခဲ့တယ်။ ပျော်အောင် လုပ်ပေးသွားခဲ့တာပဲ။"

ကလေးတို့ရေ။ 'ပန်းသတင်း လေညင်းဆောင်'ဆိုတဲ့ စကားလိုပေါ့ကွယ်။ တစ်ဆင့်စကား တစ်ဆင့်ကြားနှင့် 'သူတို့ရွာကလေးရဲ့ ရာသီမဟုတ် ပန်းတိုင်းပွင့်တဲ့' အကြောင်းကို ဂျပန်ဘုရင်ကြီးက ကြားသိသွားတော့တာပေါ့။

"အံ့သြဖို့ ကောင်းလိုက်တာ။ သူ့ရာသီနှင့်သူပွင့်ရမယ့်ပန်းတွေဟာ ဘာလို့ တစ်ချိန်တည်းလိုလို ပွင့်ကြရတာလဲ။ ငါလို နေမျိုးနွယ် အင်ပါယာရဲ့ ဘုန်းတန်ခိုးရှိ ကေရာဇ်တောင် ပန်းတိုင်း ပွင့်စေနိုင်တဲ့ ဩဇာအာဏာမရှိဘူး။ ဒီလို ရွာငယ်ဇနပုဒ်က ပန်းသတင်းကို ချက်ချင်း အဖြေမှန်သိအောင် စုံစမ်းစေ။"

အဘိုးအိုဟာ ရဲမက်တွေခေါ်လို့ ဘုရင်ကြီးဆီ ရောက်သွားတယ်။ ရောက်ရောက်ချင်းဆိုသလို သူနှင့်တစ်ပါတည်းယူဆောင်လာတဲ့ ပြာမှုန်တွေကို ဘုရင့်ဥယျာဉ်တော်ထဲရှိ အပင်တွေပေါ် ကြဲချပြလိုက်တယ်။

ဘုရင်ကြီးဟာ ချယ်ရီပန်းတွေ ဝေဝေဆာဆာပွင့်လာတာကို မျက်ဝါးထင်ထင်မြင်ရတော့ အံ့သြသွားတာပေါ့ကွယ်။ သူဟာ ဥယျာဉ်တော်တွင်း စိတ်ကြည်နူးစွာ လှည့်ပတ်ကြည့်ရှုရင်း အဘိုးအိုကို ဂုဏ်ပြုတဲ့အနေဖြင့် လက်ဆောင်ပဏ္ဏာများစွာ ချီးမြှင့်လိုက်သတဲ့။

ဘုရင်မြှောက်စားလို့ တောက်ကြွားပြီးပြန်လာတဲ့ အဘိုးအိုကို မြင်လိုက်ရတော့ အိမ်နီးချင်းလူကြီးဟာ ယုတ်မာတဲ့စိတ်, လောဘအကြံနှင့် သူ့မီးဖိုနားက ကျန်နေသေးတဲ့ ပြာမှုန့်အကတ်အသတ်တွေကို လက်နှင့်ကော်ယူပြီး ဘုရင့်နန်းတော်ဆီ အရောက်သွားတာပေါ့။ ဘုရင့်ရှေ့မှောက် ခစားရောက်တယ်ဆိုတာနှင့် သူ့မှာပါလာတဲ့ ပြာမှုန့်တွေကို အပင်တစ်ချို့အပေါ် ကြဲချလိုက်တယ်။

"ဟို-သေခါနီးအဘိုးအိုလောက်တော့ ကျွန်တော်မျိုးလည်း စွမ်းပါသေးတယ်ဘုရား။ ဒီပြာတွေနှင့် ခြံထဲမှာရှိတဲ့ အပင်တွေကို ကြဲဖြန့်လိုက်ရင် လှပမွှေးကြိုင်ပြီး အရောင်အသွေးစုံလင်တဲ့ ပန်းပေါင်းစုံ ပွင့်လာကြပါလိမ့်မယ်။"

ယုတ်မာတဲ့အိမ်နီးချင်းဟာ ပြောပြောဆိုဆို ပြာမှုန်တွေကို သစ်တော်ပင်ကြီးပေါ် ကြဲဖြန့်လိုက်တယ်ဆိုရင်ပဲ ပန်းတွေ ပွင့်မလာတဲ့ အပြင်၊ သစ်တော်ပင်ပေါ်က ရှိပြီးသား စိမ်းစိုနေတဲ့အရွက်တွေတောင် ညှိုးလျော်ပြီး တဖြုတ်ဖြုတ် ကြွေကျလာပါသတဲ့။

ဒါကို မြင်လိုက်ရတယ် ဆိုရင်ပဲ ဘုရင်ကြီးဟာ ဒေါသထွက်သွားပြီး သူ့ရဲမက်တော်တွေကို အမိန့်ပေးလိုက်ပါသတဲ့။

"ငါ့ဥယျာဉ်တော်ထဲက အပင်တွေကိုသေအောင် ပြာလာဖြူးတဲ့ ဒီငမိုက်ရူးကို ကြိုးနှင့်တုပ်ပြီး ရိုက်နှက်ဆုံးမစေ။"

ယုတ်မာတဲ့အိမ်နီးချင်းဟာ မကောင်းတဲ့အကြံ မမှန်တဲ့ လုပ်ရပ်ဒဏ်ကို ခါးကော့ရင်ကော့ ခံရတော့တာပေါ့ကွယ်။ သူဟာ နာကျင်လွန်းလို့ မြေပြင်ပေါ်မှာ လူးလိမ့်ရင်း၊ 'သူ့အပြစ်တွေကို ခွင့်လွှတ်ပေးဖို့' သနားစဖွယ် အော်ဟစ်တောင်းပန်သတဲ့။

ကလေးတို့ရေ။ အဲဒီလို ဘုရင့်ဆီက ကြိမ်ဒဏ်ဆုလာဘ် တစ်ပွေ့တစ်ပိုက်ကြီး ခံပြီးကတည်းက အိမ်နီးချင်းလူကြီးဟာ အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုကအစ လုံးဝ ပြောင်းလဲသွားပါသတဲ့။ သူဟာ အရင်လို စိတ်ကြမ်းလူကြမ်း ပရမ်းပတာမဟုတ်တော့ဘဲ ယဉ်ကျေးသိမ်မွေ့လာတယ်။ တစ်ရွာလုံးနှင့် အလိုက်အထိုက် နေထိုင်တတ်လာတယ်။

ဒါကိုမြင်ရတော့ အဘိုးအိုက သူ့ဇနီးကို ဝမ်းသာအားရ ပြောလိုက်ပါသတဲ့။

"ငါ့သားကလေးရှိယို အိပ်မက်ထဲမှာ နောက်ဆုံးပြောခဲ့သလို ဒီလူဟာ အသိတရား ရသွားရှာပြီကွယ့်။ အခုလို ပြုပြင်ပြောင်းလဲသွားတာ မြင်ရတော့လည်း သနားစရာကွယ်။ သူ့ကို ငါတို့ရွှေဒင်္ဂါးတွေ မျှဝေပေးလိုက်ရအောင်။ ဒါမှ သူ့ဘဝ တိုးတက်ကောင်းမွန်လာမှာ။"

အဲဒီနေ့ကစပြီးတော့ သူတို့ဟာ တစ်ဦးကိုတစ်ဦး လေးစားချစ်ခင်စိတ်နှင့် အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ဆက်ဆံကြပြီး အသက်ထက်ဆုံးပျော်ရွှင်စွာ နေထိုင်သွားကြပါသတဲ့ကွယ်။

ဒါကြောင့် ကလေးတို့တစ်တွေလည်း ကိုယ့်အပေါ် ဘယ်သူ မကောင်းတဲ့စိတ်နှင့် ပြုမူကြံစည်ပါစေ သည်းခံစိတ်နှင့် တည်တည် ငြိမ်ငြိမ် ရင်ဆိုင်နိုင်အောင် ကြိုးစားကြရမယ်နော်။

'ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်နှင့်' ဆိုတဲ့ မွေ့စကား လေးလို ကိုယ့်ကိုယ်ကို ထိန်းကျောင်းပြုပြင်နှင့် ဆင်ခြင်နေထိုင်တတ် ကြပါစေကွယ်။ ။



# မက်မုံသီးလူလေး မိုမိုတာရို

ဒီတစ်ခါပြောပြမယ့် ဂျပန်ရိုးရာ ပုံပြင်ကလေးကတော့ ခပ်ဆန်းဆန်းကလေးပဲကွယ်။ 'အသီးထဲက လူသားမွေးတယ်။' ဆိုတာမယ်လမုပုံပြင်လိုမျိုးပေါ့ကွယ်။

တစ်ခါတုန်းကပေါ့ကွယ်။ ဂျပန်ပြည် ကျေးရွာတစ်ရွာမှာ စိတ်ရင်းစိတ်ထား နူးညံ့သိမ်မွေ့တဲ့ အဘိုးအိုလင်မယား နေထိုင်ကြသတဲ့။ သူတို့ဟာ ကျောထောက်နောက်ခံ သားသမီးအရင်း မရှိတဲ့အတွက် အထီးကျန် ဆန်နေကြရတယ်။ သားသမီးရဖို့ နည်းမျိုးစုံနှင့် ကြိုးစားခဲ့ပေမယ့် ရှေးဘဝက အကုသိုလ်ကြောင့် သူတို့မှာ ဆန္ဒ မပြည့်ခဲ့ကြရှာဘူးပေါ့။

"ကံတရားရဲ့ စီမံမှုပဲပေါ့ကွယ်။ ဒါဟာ ပြုပြင်ဖန်တီးလို့ရတာမှ မဟုတ်တာ။ နတ်ဘုရားက ဖန်ဆင်းပေးမှသာ ရနိုင်တယ်။ ငါတို့လည်း အိုမင်းမစွမ်း ရှိပြီဆိုတော့ ဒီတစ်သက် ကလေးချီရဖို့ မျှော်လင့်ချက် မဲ့သွားပြီ။"

အဘိုးအိုရဲ့စကားကြောင့် အဘွားအိုဟာ သက်ပြင်းမောတစ်ချက်ကို ချလိုက်ပါတယ်။

တစ်နေ့မှာပေါ့ကွယ်။ အဘိုးအိုဟာ အိမ်မှာသုံးဖို့ ထင်းကုန်သွားတဲ့အတွက် တောင်ပေါ်တက်ပြီး ထင်းခုတ်ဖို့ ထွက်သွားတယ်။ သူသွားတဲ့အချိန်က ဂျပန်ပြည်ရဲ့ လှပနွေးထွေးတဲ့ နွေဦးရာသီရဲ့ မနက်ခင်းပေါ့ကွယ်။ ရာသီဥတုကလည်း သာသာယာယာ၊ ပန်းပွင့်တွေကလည်း ဝေဝေဆာဆာ၊ ကျေးငှက်သာရကာတွေကလည်း တီတီတာတာ။

အဘွားအိုကလည်း ဆောင်းဦးရောက်လို့ အေးလာရင် ဝတ်ဖို့အတွက် သူ့ရဲ့ကီမိုနိုအဝတ်တွေကို လျှော်ဖို့အတွက် မြစ်ဆိပ်ရှိရာထွက်လာခဲ့သတဲ့။ မြစ်ရေပြင်ပေါ်မှာ သင်ဖြူးခင်းထားသလို တဖိတ်ဖိတ်တောက်လို့။ လှိုင်းကြက်ခွပ်ကလေးတွေကလည်း ညီညီညာညာ ဂယက် ရိုက်ခတ်နေပုံက အသက်ဝင်နေတဲ့ ပန်းချီကားချပ်တစ်ခု ကြည့်နေရသလိုပါပဲ။

မပူမပြင်း ခပ်နွေးနွေးနေမင်းရဲ့ ရောင်ဝါအောက်မှာ ကီမိုနိုတွေကို လျှော်ဖွပ်နေတုန်း မြစ်ညာထက်ကနေ ဧရာမ မက်မုံသီးကြီးတစ်လုံး သူထိုင်နေတဲ့ ကျောက်တုံးအနီး မျောပါလာတာကို မြင်လိုက်ရသတဲ့။

"ဟယ်-ကြီးလိုက်တဲ့ မက်မုံသီးကြီးတော့်။ ဒီလောက်ကြီးတဲ့ အသီးမျိုး မြင်ဖူးပေါင်တော်။ အလွန်ချိုမယ့်ပုံပဲ။"

အဘွားအိုဟာ သူနှင့် မမီမကမ်းမှာရှိနေတဲ့ မက်မုံသီးကြီးကို သစ်ကိုင်းရှည်တစ်ခုနှင့် ဆွဲယူလိုက်တယ်။ ဒီလိုနှင့် မက်မုံသီးကြီးဟာ ကမ်းစပ်ပေါ်ရောက်လာတာပေါ့။

"မက်မုံသီးဆိုရင် ငါတို့လင်မယား ၂ ယောက်စလုံး ကြိုက်တယ်။ ဟိုအဘိုးကြီးဆို ငါ့ထက် ပိုကြိုက်သေး။ ထင်းခုတ်ပြီး မောမောနှင့်ပြန်လာရင် သူ့ကို ခွဲကျွေးရမယ်။"

ညနေပိုင်း ထမင်းပွဲရှေ့ထိုင်မိတော့ ထင်းခုတ်ရာက မောပန်းပြီးပြန်လာတဲ့ အဘိုးကြီးဟာ မက်မုံသီးကြီးကိုမြင်တော့ အံ့သြဝမ်းသာသွားတာပေါ့ကွယ်။

"အားပါးပါး-ကြီးလိုက်တဲ့အသီး။ မှည့်ဝင်းနေတာပဲဟေ့။ ဒီနေ့တော့ ထမင်းစားကောင်းပြီ။"

"အမယ်လေး-စားရမှာပေါ့တော်။ တကတည်း အငမ်းမရ။"

အဘွားကြီးက အဘိုးကြီးကို မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး သစ်သီးခွဲတဲ့ဓားကို ယူကာ မက်မုံသီးကြီးကို ၂ ခြမ်း ခွဲလိုက်တာပေါ့။ အဲဒီလို ခွဲလိုက်တယ်ဆိုရင်ပဲ အသီးရဲ့အထဲမှာ မက်မုံသီးအသား

တွေကို မတွေ့ရဘဲ အတွင်းသားတွေအစား မွေးကင်းစ ကလေးငယ်တစ်ဦးကိုသာ ပက်လက်ကလေး တွေ့လိုက်ရပါသတဲ့။

"ဟာ-"

"အလို-က-ကလေး။ ကလေးပေါက်စနလေး။"

အဘိုးအိုလင်မယားဟာ ပါးစပ်အဟောင်းသား ကြည့်နေစဉ်မှာ မက်မုံသီးကြီးရဲ့ အခွံတွေအားလုံး ကွဲအက်လာပြီး အထဲမှာရှိတဲ့ ကလေး ငယ်က အော်အော်ပြီး ငိုပါလေရောတဲ့။

"ဟယ်-ကလေးက လူလိုပဲ ငိုတတ်တယ်တော့။ အိုအေးအေး-တိတ်ပါကွယ်"

အဘွားအိုက ငိုနေတဲ့ကလေးငယ့်ကို ချက်ချင်းပဲ ကောက်ချီလိုက်တယ်။ သူဟာ ချစ်လွန်းလို့ အားပါးတရ နမ်းလိုက်တယ်တဲ့။

"ကြည့်ပါဦး။ ချစ်စရာကောင်းတဲ့ကလေး။ ယောကျ်ားလေးပဲရှင့် မိုးနတ်မင်းကြီးက ကျွန်မတို့ အထီးကျန်နေတာကို မကြည့်ရက်လို့ မက်မုံသီးထဲထည့်ပြီး မျှောချပေးလိုက်တာပဲ ဖြစ်ရမယ်။ လာခြင်းကောင်းတဲ့သားကလေး။ မေကြီးတို့ အသည်းစွဲကလေး။"

"ဒီကလေးကို ငါတို့ ကြီးပြင်းအောင် မွေးကြမယ်ဟေ့။ ငါတို့သားကို မက်မုံသီးထဲကရတဲ့အတွက် 'မိုမိုတာရို' လို့ခေါ်မယ်ကွာ။"

"ကောင်းလိုက်တဲ့နာမည်။ လှလိုက်တဲ့နာမည်။ မိုမိုတာရို-မိုမိုတာရို။"

'မိုမိုတာရို'ဆိုတာ ဂျပန်လို့ခေါ်တဲ့ နာမည်ကွယ့်။ မြန်မာလိုဆိုရင် 'မက်မုံသီးလူကလေး' ဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွယ်။

မိုမိုတာရိုကလေးဟာ အခြားကလေးငယ်တွေလိုပဲ ပုံမှန်ကြီးပြင်းလာခဲ့တယ်။ ကလေးတို့ဘာဝ မြူးထူးပျော်ရွှင်ဆော့ကစားတယ်။

အရွယ်ရောက်တော့ သူဟာ အခြားကလေးတွေထက် သာလွန်တဲ့ အရပ်အမောင်း ခွန်အားဗလသာမက၊ ရဲရင့်သတ္တိရှိနေတာကို တွေ့ကြရတယ်ကွယ့်။

သူဟာ စိတ်ကူးယဉ် ယုံတမ်းပုံပြင်တွေထက် ဒဏ္ဍာရီထဲကသူရဲကောင်းတွေအကြောင်းကို ပိုပြီးစိတ်ဝင်စားသတဲ့။ သူ့ရဲ့ မွေးစားအမေ အဘိုးအိုကို ဂျပန်ပြည်ရဲ့ စစ်သူရဲကောင်းကြီးတွေအကြောင်းမကြာခဏ မေးလေ့ရှိတယ်။ ဆာမူရိုင်းနှင့် ရှိုးဂန်းတွေဟာ သူ့ရဲ့အိပ်ရာဝင် ပုံပြင်တွေပေါ့။

မိုမိုတာရိုဟာ တစ်နေရာထဲမှာပဲ အသက်ထက်ဆုံး နေရတာကိုမကြိုက်ဘူးတဲ့။

"ရေအိုင်ငယ်ထဲက ဖားသူငယ်လို တစ်နေရာတည်းမှာပဲ အချိန် ဖြုန်းနေရတာ ပျင်းစရာကြီး။ ငါကြီးလာရင် ဂျပန်ပြည်အနှံ့ လျှောက် သွားပြီး စူးစမ်းလေ့လာမယ်။ ဘဝဆိုတာ စွန့်စားခန်းတွေနှင့် ပြည့် နေရမယ်။ စိတ်လှုပ်ရှားဖို့ ကောင်းတာတွေကို ငါ လိုက်ရှာမယ်။"

မိုမိုတာရိုဟာ သူ့စိတ်ကူးတွေကို အကောင်အထည်ဖော်နိုင်မယ့် အချိန်အခါကို စောင့်နေတာပေါ့။ ဒီလိုနှင့် သူ အသက် ၁၅ နှစ်သား အရွယ် ရောက်လာတဲ့အခါမှာ သူ့အိပ်မက်တွေ အကောင်အထည်ဖော် ဖို့ရာ အကြောင်းက ဖန်လာသတဲ့။

တစ်နေ့ သူနေတဲ့ရွာကလေးကို လူစိမ်းတစ်ဦး ရောက်လာ တယ်။ အပ်, အပ်ချည်နှင့် အဝတ်အထည်တွေကို လာရောင်းတဲ့ ဈေးသည်ပေါ့ကွယ်။ သူဟာ ဝယ်သူတွေ သဘောကျအောင် ပုံပြင် အတိုအစတွေကို စိတ်ဝင်စားအောင် ပြောတတ်သတဲ့။ သူရောက် လာပြီဆိုတာနှင့် သူ့အနားမှာ မိုမိုတာရိုအပါအဝင် ကလေးတွေ၊ လူငယ်တွေ ဝိုင်းအုံနေတာပဲပေါ့။ သူ့ဆီက စိတ်လှုပ်ရှားဖွယ် စွန့်စားခန်းတွေကို မရိုးနိုင်မအီနိုင်အောင် ကြားကြရတယ် မဟုတ် လား။

"ဒီရွာရဲ့ မြောက်ဘက်စူးစူးမှာ မကောင်းဆိုးဝါးနေတဲ့ ကျွန်း တစ်ခု ရှိတယ်ကွ။ ညဘက်ဆိုရင် အဲဒီမကောင်းဆိုးဝါးတွေဟာ ကျွန်း ပေါ်ကနေ လူတွေနေတဲ့ ကမ်းစပ်တွေပေါ် တက်လာကြပြီး လူတွေကို ဖမ်းခေါ် စားပစ်ကြတယ်။ သူတို့နေတဲ့ကျွန်းပေါ်မှာ ရဲတိုက်ကြီးက ဟည်းနေတာပဲကွ။ အဲဒီရဲတိုက်ကြီးထဲမှာ ရွှေငွေရတနာတွေ အများကြီး ရှိတယ်လို့ ပြောသံကြားတယ်။"

မိုမိုတာရိုဟာ ဈေးသည်ရဲ့စကားကို ပါးစပ်အဟောင်းသားနှင့် နားထောင်ရင်းက သူ့ရဲ့စွန့်စားလိုစိတ်တွေဟာ နိုးကြွလာသတဲ့။ အဲဒီ ရဲတိုက် ရှိရာကို သွားချင်တဲ့စိတ်တွေ တဖွားဖွားပေါ်လာသတဲ့။

"မကောင်းဆိုးဝါးတွေက အဲဒီရတနာပစ္စည်းတွေကို ဘယ် ကနေ ဘယ်လိုရတာလဲ။"

"ငါ့အထင်တော့ အဲဒီရတနာပစ္စည်းတွေကို ကမ်းပေါ်နေတဲ့ လူတွေဆီကနေ ခိုးလာတာပဲ ဖြစ်မယ်ကွ။ 'မကောင်းဆိုးဝါး' ဆိုပေမယ့် လိုချင်လောဘတော့ ရှိတာပဲ။"

"ဂျပန်ပြည်က ဥပဒေမဲ့တိုင်းပြည်မှ မဟုတ်တာ။ စစ်သည် တော်တွေနှင့် ချီတက်ပြီး တိုက်ခိုက်ပါလား။"

"မတိုက်ဘဲ နေပါ့မလားကွာ။ ဒါပေမယ့် သူတို့က သာမန် လူတွေ မဟုတ်ဘူးလေ။ မကောင်းဆိုးဝါးတွေလေကွာ။ သူတို့က

လူတွေထက် အဆ ၁၀၀ မက သန်မာဖျတ်လတ်ကြတယ်ဆိုပဲ။ ပြီးတော့ သူတို့နေတဲ့ ရဲတိုက် ဆိုတာကလည်း အလွန်မြင့်မားပြီး တက်ဖို့မလွယ်ဘူးတဲ့။"

ပုံပြောဆရာဈေးသည်ရဲ့ စကားကို မိုမိုတာရိုဟာ ဂရုတစိုက် နားထောင်တယ်။ ပြီးမှ-

"တကယ်လို့ သူတို့ကိုသာ နိုင်အောင်တိုက်နိုင်ခဲ့ရင် ဂျပန်မှာ အကျော်ကြားဆုံးသူရဲကောင်းကြီး ဖြစ်လာမှာပေါ့နော်။"

"ဟုတ်တာပေါ့ကွ။ ဘာလဲ မင်းက သူရဲကောင်း ဖြစ်ချင်နေ တယ်ပေါ့လေ။ အေးအေးဆေးဆေးနေပါ ငါ့တူရာ။ သူတို့ကိုယ်မှာ ချိုတွေ အပြင် နီရဲတဲ့ဆံပင်တွေ ရှိတယ်တဲ့ကွ။ နိုင်ဖို့ထက် ရှုံးဖို့က များတယ်။"

အဲဒီနေ့ကစပြီး မိုမိုတာရိုဟာ သူရဲကောင်းဖြစ်ချင်တဲ့ ဆန္ဒ တွေနှင့် အိပ်မပျော်စားမဝင်ဖြစ်ပြီး၊ အချိန်ရှိသမျှ မကောင်းဆိုးဝါးတွေ မင်းမူနေတဲ့ ရဲတိုက်ကြီးဆီ သွားနိုင်မယ့်နည်းလမ်းကို ရှာကြံ နေတော့တာပေါ့ကွယ်။ နောက်ဆုံးမှာ 'သူ့ကိုယ်သူ ယုံကြည်မှုရှိတဲ့ ယောကျ်ားတစ်ဦးဖြစ်ပြီ' လို့ ဆုံးဖြတ်ပြီး မိဘ ၂ ပါးကို ပြောလိုက်ပါ သတဲ့။

"ကျွန်တော်လည်း အရွယ်ရောက်ပြီ။ လူငယ်ပီပီ စွန့်စားချင်တယ်။ ကျွန်တော့်ကို ခရီးထွက်ခွင့် ပြုပါ။"

မိုမိုတာရိုကလေးရဲ့ စကားကို ကြားတော့ သူ့မွေးစားမိဘ အဘိုးအဘွားလင်မယားဟာ အံ့သြသွားတော့တာပေါ့ကွယ်။ သူတို့ရဲ့ တစ်ဦးတည်းသော မိုးနတ်မင်းပေးတဲ့သားကလေး အိမ်ကထွက်သွားမှာကို မလိုလားကြဘူးကွယ့်။ ဒါကြောင့် မသွားဖို့ တောင်းပန်ကြသတဲ့။

စွန့်စားလိုစိတ်၊ သူရဲကောင်းဖြစ်လိုစိတ်တွေ အရှိန်အဟုန်ပြင်းပြနေတဲ့ မိုမိုတာရိုက မရမကတောင်းဆိုသတဲ့။

"လူတွေဆီက ပစ္စည်းတွေလုယူပြီး သတ်ဖြတ်စားသောက်နေတဲ့ ရဲတိုက်ကြီးပေါ်က မကောင်းဆိုးဝါးတွေကို မောင်းထုတ်ချင်လို့ပါ။ ကောင်းသောရည်ရွယ်ချက်နှင့် သွားတဲ့ မှန်မြတ်သောလုပ်ရပ်မို့ ကျွန်တော့်ကို မတားကြပါနှင့်ခင်ဗျာ။ ကျွန်တော့်မှာ ဘယ်လိုစွမ်းအားတွေ ရှိတယ်ဆိုတာကို တစ်တိုင်းပြည်လုံး သိသွားအောင် အစွမ်းပြပါရစေ။"

အဘိုးအိုနှင့် အဘွားအိုက ဘယ်လောက်တားတား မရတော့ပြီဖြစ်တဲ့ မိုမိုတာရိုဟာ သူ့မိဘ ၂ ပါးကို ကန်တော့လိုက်တယ်။

'ဆုံးဖြတ်ပြီးသားမို့ ပြန်မပြင်နိုင်တော့ဘူး။' ဆိုတဲ့ သဘောပေါ့ကွယ်။ အဘိုးအိုဟာ မိမိတာရိဘက်က ရပ်တည်ပြီး သူ့သဘောကို ပြောလိုက်တယ်။



“ကဲပါရှင်မရယ်။ ငါတို့သားတော်မောင်ပြောတာ မှန်ပါတယ်ကွ။ သူ့မှာ ဘယ်လိုရဲရင့်မှုတွေ၊ အစွမ်းသတ္တိတွေ ရှိတယ်ဆိုတာကို တို့ သိသားပဲဥစ္စာ။ ယောကျ်ားဆိုတာ စွန့်စားလိုတဲ့စိတ်ရှိမှ သူ့ဘဝ အနာဂတ် တိုးတက်မှာကွ။ ကဲ-ကဲ-ငါ့သား မင်း သွားလိုရာပန်းတိုင်ကို မရောက်ရောက်အောင်သွားပြီး ယောကျ်ားအစွမ်းကို ပြခဲ့ပေတော့။ တို့ ၂ ယောက်အတွက် ဘာမှ နောက်ဆံတင်းမနေနှင့်တော့။ ငါ့သား ဘေးမသီရန်မခ မိဘရင်ခွင် ပြန်ရောက်လာမယ်ဆိုတာကို အဖေတို့ ယုံတယ်။”

“ငါ့သားကြီးရေ - တားမရလဲ သွားပေဦးပေါ့ကွယ်။ ကံကောင်းပါစေကွယ်။ ရတနာ ၃ပါး မိဘဆရာစကား မမေ့နှင့်နော်။ ငါ့သားလေး ကျန်းမာပါစေ။ ချမ်းသာပါစေ။ ခလုတ်မထိ ဆူးမငြိပါစေနှင့်။”

မိဘ ၂ ပါးဟာ သူတို့သားလေး လမ်းခရီးမှာ ဆာရင်စားဖို့ အတွက် အကောင်းဆုံးထမင်းဆုပ်တွေကို ထည့်ပေးလိုက်ကြတယ်။

မိုမိုတာရိုဟာ မိဘတွေကို နှုတ်ဆက်ပြီးတဲ့နောက် “မကောင်းဆိုးဝါးတွေနေတယ်။”ဆိုတဲ့ကျွန်းရှိရာကို စုံစမ်းမေးမြန်းပြီး သွားတော့တာပေါ့။

တစ်နေ့ လမ်းခရီးမှာ ခွေးကြီးတစ်ကောင်နှင့် ဆုံမိကြသတဲ့။ ခွေးကြီးက ဘယ်လောက်တောင် ကြီးသလဲဆိုရင် မြင်းငယ်တစ်ကောင်စာလောက် ရှိသတဲ့။ ခွေးကြီးဟာ မိုမိုတာရိုကို မြင်လိုက်ရတယ်ဆိုရင်ပဲ သူ့ဆီ ပြေးဝင်လာပြီး ကြောက်စရာ ကောင်းလောက်အောင် သွားတွေကို အစွမ်းကုန်ဖြဲပြလိုက်ပြီး ပြောလိုက်သတဲ့။

"ငါပိုင်တဲ့ နယ်မြေထဲကို ဘယ်ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ ခွင့်မတောင်းဘဲ ဖြတ်သွားလို့ မရဘူးဆိုတာ မင်း မသိဘူးလား။ ဘယ်လိုအကြံနှင့် ဒီနယ်မြေထဲကို ကျူးကျော် ဝင်ရောက်လာရတာလဲ။ တစ်ခုတော့ ရှိတယ်။ မင်းကငယ်သေးလို့ မသိသေးဘူးဆိုရင် ခွင့်လွှတ်ပေးတဲ့အနေနှင့် မင်းအိတ်ထဲပါလာတဲ့ စားစရာတွေအကုန်လုံး ငါ့အတွက် ထားခဲ့။"

"အံမယ်- ခွေးကလည်း ဓားပြတိုက်တတ်သတဲ့လား။"

မိုမိုတာရိုက ကြောက်ရွံ့ဟန်မပြဘဲ ခပ်တည်တည်နှင့် ပြောလိုက်တော့ ခွေးကြီးခမျာ အောင့်သက်သက်ဖြစ်သွားတာပေါ့ကွယ်။ ဒီနယ်မြေမှာ သူ့စကား သူ့အာဏာကို အာခံမယ့်သူ မရှိခဲ့တာဆိုတော့ အကောင်သေးသေး ချာတိတ်ကလေးအပေါ် နည်းနည်း ရှိန်တိန်တိန် ဖြစ်သွားရတယ်။ ဒါကို ရိပ်မိတဲ့ မိုမိုတာရိုက-

"လူသားဆီက ခွေးကစားပြတိုက်တာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်။ ပုံပြင်ထဲမှာလို မင်း အရက်မကွဲချင်ရင် ရှေ့က ဖယ်လိုက်စမ်း။ ငါ့နာမည် 'မိုမိုတာရို'လို့ခေါ်တယ်။ မင်းထက် မိုက်လို့မက်မုံသီးထဲမှာ နေခဲ့တာကွ။ အခု ငါသွားမယ့်နေရာမှာ မင်းထက်အဆ ၁၀၀ ကြောက်စရာကောင်းတဲ့ မကောင်းဆိုးဝါးတွေ နေကြတာ။ သူတို့နေတဲ့ ရဲတိုက်ကို အမှုန့်ချေမလို့ကွ။ ငါပြောသလို မဖယ်ဘဲနေရင် မင်းကို ပေါင် ၂ ခြမ်းဖြဲပြီး ငှက်စာကျွေးပစ်လိုက် မယ်။"

ဒီစကား ကြားလိုက်ရတယ်ဆိုရင်ပဲ ခွေးကြီးဟာ မျက်နှာပျက်သွားတယ်။ အမြီး ကုပ်သွားတယ်။ သူဟာ ဖြဲထားတဲ့ပါးစပ်ကို ပြန်ပိတ်ပြီး ဦးခေါင်းကို ရိုရိုသေသေနှိမ့်ချရင်း ပြောလိုက်တယ်။

"အသင်ဟာ ဘယ်သူမှန်း မသိလို့ အခုလို ရိုင်းရိုင်းစိုင်းစိုင်း ပြုမူ ဆက်ဆံမိတာပါခင်ဗျာ။ ပြောမှားဆိုမှားရှိရင်က ခွင့်လွှတ်ပါ။ အပန်းမကြီးဘူးဆိုရင် အသင်နှင့်အတူ မကောင်းဆိုးဝါးတွေရှိရာ ကျွန်းဆီ လိုက်ခဲ့ပါရစေ။ အသင်နှင့်အတူ တိုက်ခိုက် ချေမှုန်းပေးပါရစေ။"

"ကောင်းပြီလေ။ ဒါဆို ငါတို့ ၂ ဦး အတူသွားကြမယ်။ မင်းနှင့်ငါ စားဖို့ ထမင်းဆုပ်တွေ အများကြီးပါလာတယ်။ အတူ မျှဝေစားပြီး ခရီးဆက်ကြရအောင်။"

"စိန်လိုက်လေ ကြာသလားလို့။"

မိုမိုတာရိုဟာ ခရီးဖော်အဖြစ်သာမက တိုက်ပွဲဝင် ရဲဖော်တစ်ဦး တိုးလာတဲ့အတွက် ဝမ်းသာနေတာပေါ့ကွယ်။ သူက ခွေးကြီးကို သူ့မှာ ပါလာတဲ့ အကောင်းဆုံး မုယောထမင်းဆုပ်တွေကို ရက်ရက် ရောရော ထုတ်ကျွေးတယ်။ ဘယ်အချိန်ကာလကတည်းက ဝော်ပြတ် နေမှန်းမသိတဲ့ ခွေးကြီးဟာ တစ်စေ့မကျန် စားလိုက်သတဲ့။

မိုမိုတာရိုဟာ သဘောကောင်းလာပြီဖြစ်တဲ့ ခွေးကြီးရဲ့ကျော ထက်က အခုံသားလိုက်ပါရင်း ခရီးဆက်စဉ်၊ တစ်နေရာဆီက သူ့ နာမည်ခေါ်သံ ကြားလို့ မော့ကြည့်လိုက်တော့ သစ်ပင်ကြီးတစ်ပင်ရဲ့ အကိုင်းအခက်တွေပေါ်မှာ ဟိုကူးဒီကူးလုပ်နေတဲ့ မျောက်တစ်ကောင် ကို တွေ့လိုက်ရသတဲ့။

မိုမိုတာရိုက မျောက်ကို တအံ့တသြနှင့် ကြည့်ပြီး မေးလိုက် တယ်။

"မင်းက ငါ့နာမည်ကို ဘယ်လိုလုပ် သိသလဲ။"

"မင်းဟာ မက်မုံသီးထဲကမွေးတဲ့ လူထူးလူဆန်းကလေး ဆိုတာကို ငါ သိတာပေါ့ကွ။ ငါက မင်းတို့ရွာမှာ မကြာမကြာ လာစပ်စုနေတဲ့ ကောင်လေကွာ။"

"အခုလိုတွေ့ရတာ ဝမ်းသာပါတယ်ကွာ။ ငါ အခု မကောင်းဆိုးဝါးတွေနေတဲ့ကျွန်းကို သွားမလို့ကွ။ ဒီကနေ ဝေးသေးလား။"

"ဟင့်အင်း။ သိပ် မဝေးတော့ပါဘူး။ နေပါဦး။ မင်းက အဲဒီနေရာကို ဘာကိစ္စနှင့်သွားမှာလဲ။"

"လူတွေကို ဒုက္ခပေးနေတဲ့ အကုသိုလ်ငရဲကောင်တွေကို ဆော်ပလော်တီးဖို့ကွ။"

"ဟော - ဒါဆို ငါလည်း မင်းနှင့်အတူ လိုက်ခဲ့မယ်ကွာ။ ငါလည်း ဝူခုံးလို မျောက်စွမ်းကောင်း ဖြစ်ချင်နေတယ်။"

"မကြောက်တတ်ရင် လိုက်ခဲ့ပေါ့ကွ။ တစ်ခုတော့ ရှိတယ်နော်။ ဒါ ပျော်ပွဲစားထွက်တာ မဟုတ်ဘူး။ အင်အားကြီးမားတဲ့ မကောင်းဆိုးဝါးတွေနှင့် တိုက်ခိုက်ရမှာ။"

"ဟော့-လူမှာကတိ, မျောက်မှာသစ္စာကွ။ ဒါနှင့် မင်းအိတ်ထဲက ထမင်းဆုပ်နံ့ ရတယ်။ ငါ့ကို တစ်ဆုပ်လောက်ကျွေးကွာ။"

"မင်းကတော့ လုပ်ပြီ။ ကဲ-ရော့ရော့။"

ဒီလိုနှင့် မိုမိုတာရိုဟာ ရဲဖက်တော် ၂ ကောင်ခြံရံလို့ ရှေ့ဆက်ခရီးပြင်း နှင်ခဲ့ကြတယ်။ လမ်းရဲ့ တစ်နေရာအရောက်မှာ ဂျုံစေ့တွေ လိုက်လံကောက်စားနေတဲ့ ရစ်ငှက်တစ်ကောင်ကို မြင်လိုက်ကြရတယ်။

သူ့မှာ ချွန်ထက်နေတဲ့ လက်သည်းတွေနှင့် လှပရှည်လျားတဲ့ အမြီးကြီးတွေ ရှိပါသတဲ့။ ရစ်ငှက်က သူတို့ ၃ ဦးကိုကြည့်ပြီး တအံ့တသြနှင့် နှုတ်ဆက်ပါရော။

"အလို-ဟိုရွာကလေးမှာနေတဲ့ မက်မုံသီးလေး မဟုတ်လား။ ဘယ့်နှယ်ကြောင့် ဒီလောက်ထူထပ်တဲ့တောနက်ထဲ ရောက်လာခဲ့ရတာလဲ။ ခွေးနှင့်မျောက်ကရော မင်းအဖော်တွေလား။"

စပ်စပ်စုစုလုပ်နေတဲ့ ရစ်ငှက်ကို ခွေးက အမြင်ကတ်ကတ်နှင့် သွားဖြဲပြလိုက်တယ်။ ပါးစပ်အငြိမ်မနေနိုင်တဲ့ မျောက်က သွားဖြီးဖြီး မိုမိုတာရိုကိုယ်စား ဝင်ဖြေလိုက်တယ်။

"ငါတို့ဟာ တရားသောစစ်ပွဲကို ဆင်နွဲဖို့ ချီတက်နေကြတာကွ။"

"ယုံပေါင်။ မင်းတို့က ၃ ကောင်၊ အဲလေ-တစ်ယောက်နှင့် ၂ ကောင်ထဲရှိတာ။ ဘယ်လိုလုပ် စစ်ပွဲကို နိုင်အောင် တိုက်နိုင်မှာလဲ။ ယုံအောင်ပြောပါ ငမျောက်ရာ။"

ရစ်ငှက်ရဲ့သရော်တော်တော်စကားကို ကြားတော့ ဒေါ့ဒေါ့ခုန်သွားတဲ့မျောက်က ရစ်ငှက်ရဲ့အမြီးကို လှမ်းဆွဲသတဲ့။ ရန်ဖြစ်မှာစိုးတဲ့ အတွက် မိုမိုတာရိုက ကြားဝင်ဖြန်ဖြေရတယ်။

"မင်းရဲ့ ချွန်ထက်တဲ့ လက်သည်းတွေနှင့်ဆိုရင် ငါတို့နိုင်ဖို့ သေချာတယ်ကွ။ ရန်သူတွေရဲ့ မျက်လုံးတွေကို ထိုးဖောက်လို့ရတာပေါ့။ မကြောက်တတ်ရင် လိုက်ခဲ့ပါလားကွာ။ မင်းကို ဂျပန်ပြည်ရဲ့ အကောင်းဆုံးထမင်းဆုပ် ကျွေးပါ့မယ်။"

"တကယ်လား။ ထမင်းဆုပ်စားရရင် လိုက်ခဲ့မယ်။ ငါက ငါ့လက်သည်းတွေကို အသုံးချချင်နေတာကွ။"

မိုမိုတာရိုက နောက်တိုးရဲဘော် ရစ်ငှက်စားဖို့ ထမင်းဆုပ်တစ်ခု ထုတ်ပေးလိုက်တယ်။

နောက်ဆုံးမှာတော့ သူတို့ ၄ ဦးဟာ 'သွားပါများ ခရီးရောက်' ဆိုတဲ့စကားလို ပင်လယ်ကမ်းစပ်ကို ရောက်လာခဲ့ကြတာပေါ့။

ကမ်းခြေမှာ ရပ်မိကြတယ်ဆိုရင်ပဲ 'မကောင်းဆိုးဝါးတွေနေတယ်' ဆိုတဲ့ ကျွန်းကို လှမ်းမြင်လိုက်ကြရတယ်။

"မကောင်းဆိုးဝါးတွေနေတဲ့ကျွန်းကိုတော့ တွေ့ပြီဟေ့။"

"အနက်ရောင်ရဲတိုက်ကို ငါမြင်တယ်ကွ။"

"တွေ့တာတော့ ဟုတ်ပါပြီ။ ငါတို့ ဘယ်လိုသွားကြမလဲ။"

"ကြံရမှာပေါ့။"

၄ ဦးသား သွားနိုင်မယ့်နည်းလမ်းကို ကြံဆကြတယ်။

ကလေးတို့ရေ။ အဲဒီရဲတိုက်ကြီးဟာ အမြင့်ဆုံး တောင်ကုန်း တစ်ကုန်းပေါ်မှာ အခိုင်အမာ တည်ဆောက်ထားတာတဲ့ကွယ်။ ကျွန်း ပတ်လည်တစ်ဝိုက် လှိုင်းလုံးကြီးတွေက ကျောက်ဆောင်တွေကို တဝုန်းဝုန်းရိုက်ခတ်နေသံတွေကိုတောင် အဝေးကနေ ကြားနေကြရ တယ်။

ကံကောင်းချင်တော့ မိုမိုတရိုဟာ ကမ်းစပ်မှာဆိုက်ထားတဲ့ လှေငယ်ကလေးတစ်စင်းကို အမှတ်မထင်မြင်လိုက်တော့ ဝမ်းသာ သွားတာပေါ့ကွယ်။ ရဲတိုက်ဆီသွားဖို့ အဖြေတွေ့ပြီ မဟုတ်လား။

ဒါနှင့်ပဲ မိုမိုတာရိုတို့ဟာ လှေကို ရေထဲတွန်းချပြီး လှေပေါ်ကို တက်လိုက်ကြတယ်။ လှေငယ်ကလေး ကျောက်ဆောင်အန္တရာယ်က ကင်းအောင် မျောက်က တာဝန်ယူပြီး ကွေ့ဖို့, ရှောင်ဖို့ အော်ပြော တယ်။ ခွေးနှင့် ရစ်ငှက်တို့က မိုမိုတာရိုနှင့်အတူ ကူညီလှော်ခတ် ကြတယ်။

ညနေမစောင်းတစောင်းမှာပဲ သူတို့အားလုံး ကျွန်းပေါ် ခြေချ မိကြတယ်။ လှိုင်းလုံးကြီးတွေဟာ ကြောက်မက်ဖွယ် အော်သံပေးပြီး ကျွန်းတစ်ဝိုက် ကျောက်ဆောင်တွေကို ရိုက်ခတ်နေတဲ့အတွက် သူတို့ ၄ ဦးဟာ လှေပေါ်ကနေ ခက်ခက်ခဲခဲဆင်းကြရတာပေါ့။

သူတို့ဟာ လွန်စွာမှ မြင့်မားမတ်စောက်လှတဲ့ ကျောက်ဆောင်တွေကို စိတ်မသက်မသာနှင့် ကြည့်နေမိကြတယ်။ မိုမိုတာရိုက ပြောလိုက်တယ်။

"အခုချိန်ဆို ဒီမကောင်းဆိုးဝါးကောင်တွေ အိပ်နေလောက်ပြီ။ ဒီကောင်တွေ ငါတို့လာတာကို မရိပ်မိခင် အစီအစဉ်ကို စလိုက်ကြရအောင်။"

မိုမိုတာရိုက သူ့ရဲ့ဖော်ရဲဖက် ၃ကောင်ကို စနစ်တကျ တာဝန်ပေးလိုက်တယ်။

"ဒီကောင်တွေ အငိုက်မိအောင်လုပ်ရမယ်။ ဒါဟာ ဂျပန်လူမျိုးတွေရဲ့ နည်းပညာပဲ။ စစ်ပရိယာယ်ပေါ့ကွာ။ ကဲ-မောင်ရစ်။ မင်းက မသိမသာပျံပြီးတော့ သူတို့ရဲ့ ဂိတ်ပေါက်ဝတံခါးကို မင်းလက်သည်းတွေနှင့် ကြိုးစားပြီး ဖွင့်ပေတော့။ ငါတို့က ဂိတ်ဝဆီ မရောက်ရောက်အောင် ဖြည်းဖြည်းလေး ဝင်လာကြမယ်။ ပြီးရင် ငါတို့အားလုံးဆုံကြမယ်။ မတိုက်သေးဘဲ မနက်မိုးလင်းတဲ့အထိ လုံခြုံတဲ့တစ်နေရာမှာ ပုန်းနေကြမယ်။ မနက် နေထွက်ပြီဆိုတာနှင့် ဒီကောင်တွေအိပ်ရာကမနိုးခင် ငါတို့ စတင်တိုက်ခိုက်ကြမယ်။ နားလည်လားရဲဖော်တို့။"

"နားလည်ပါတယ်။"

"နားလည်ရင် ဆက်လုပ်။"

မိုမိုတာရိုဟာ ခေါင်းဆောင်ကောင်းပီသစွာ အမိန့်ပေးပြီးတဲ့နောက် သူတို့ရဲ့မဟာဗျူဟာကို အချိန်မဆိုင်းဘဲ စတင်လိုက်ကြတယ်။

ရစ်ငှက်ကြီးဟာ ရဲတိုက်ကြီးရဲ့ အနက်ရောင် နံရံတွေပေါ် တစ်ဟုန်ထိုး ပျံသန်းသွားပြီးတဲ့နောက် ဂိတ်တံခါးဝကို ကြိုးစားပြီး ဖွင့်ပေးလိုက်တယ်။ မိုမိုတာရိုနှင့် ခွေးကြီးကို မျောက်က သူ့ကျောပေါ် တစ်လှည့်စီထမ်းပိုးပြီး ကျောက်ဆောင်ပေါ် သတိကြီးစွာထားကာ သယ်ဆောင်ပေးခဲ့တယ်။

'စုပေါင်းညီညာ အောင်ကြောင်းဖြာ' ဆိုတဲ့ စကားလိုပေါ့ ကွယ်။ သူတို့အားလုံးဟာ ရည်ရွယ်ရာနေရာကို အချိန်ကိုက် ရောက်ခဲ့ကြတယ်။ သူတို့အားလုံးဟာ တံခါးဝမှာ ခဏအနားယူပြီး အလှည့်ကျကင်းစောင့်ကာ မနက်မိုးအလင်းကို စောင့်ကြတယ်။

မနက် အရုဏ်အတက် မိုးအလင်းမှာပဲ တစ်ညလုံးစက်တော်ခေါ်နေခဲ့တဲ့ မကောင်းဆိုးဝါးတစ်ကောင်ဟာ အိပ်နေရာကနေ ဖွင်းကြောဆန့်ပြီး ထွက်လာတာကို မြင်လိုက်ကြရတယ်။ သူတို့မြင်ရတဲ့ အကောင်က သူတို့ကြားဖူးနေကျ ပုံပြင်ထဲကအတိုင်း ချိုကြီးတကား

ကား ဆံပင်မွှေးအနီတွေနှင့် ကြောက်စရာဆိုပဲ။ ဒါကိုမြင်လိုက်ရပြီ ဆိုတာနှင့် အဖွဲ့ရဲ့ခေါင်းဆောင် မိုမိုတာရိုက အော်ဟစ်အမိန့်ပေး လိုက်တယ်။

"ရဲဖော်တို့ရေ။ ငါတို့ရဲ့ မဟာဗျူဟာမြောက်တိုက်ပွဲ စမယ် ဟေ့။"

သူတို့လေးဦးဟာ မကောင်းဆိုးဝါးတွေ မျက်နှာမသစ်မီ အလစ် ဝင်ရောက်တိုက်ခိုက်ကြတယ်ကွယ့်။ သူတို့ ၄ ဦးဟာ အရသာရှိလွန်းလှတဲ့ ထမင်းဆုပ်ရဲ့ အာနိသင်တွေကြောင့်လား မသိဘူး။ တိုက်ခိုက်တဲ့ နေရာမှာ လျင်မြန်ဖျတ်လတ်ကြသတဲ့။ ခွန်အားတွေ ဘယ်ကရလို့ ရမှန်း မသိဘူးတဲ့ကွယ်။

ရစ်ငှက်ကြီးက မကောင်းဆိုးဝါးတွေရဲ့ မျက်လုံးမှန်သမျှကို ထိုးဖောက်နေသလို မမြင်မကန်း ပရမ်းပတာလျှောက်ပြေးနေတဲ့ မကောင်းဆိုးဝါးတွေကို မိုမိုတာရိုက လက် ၂ ဖက်နှင့် ဆွဲယူ ကိုင်ပေါက်ပြီး ရေထဲပစ်ချတယ်။ မျောက်ကလည်း ဟိုခုန်ဒီကူးပြီး မကောင်းဆိုးဝါး ကောင်တွေကို ကိုက်ဆွဲပြီး ရေထဲ ပစ်ချတယ်။ ခွေးကတော့ မြင်မြင်သမျှ ကိုက်ဖဲ့တော့တာပဲ။ နည်းဗျူဟာ စနစ်ကျတဲ့အတွက် တိုက်ပွဲဟာ အချိန်မကြာဘဲ ပြီးဆုံးသွားခဲ့သတဲ့။

ငယ်သား မကောင်းဆိုးဝါးတွေ အတုန်းအရုံး အထိနာကျရှုံးကြပေမယ့် သူတို့ရဲ့အဓိပတိ ဆရာကြီးကတော့ ကျန်နေသေးတယ်တဲ့။

မိုမိုတာရိုက သူတို့ခေါင်းဆောင်ရဲ့ ဦးချို ၂ ဖက်ကို ဆွဲကိုင်ထားလိုက်တယ်ဆိုရင်ပဲ မကောင်းဆိုးဝါးတွေရဲ့ အကြီးအကဲဟာ အားမတန်လို့ မာန်လျှော့လိုက်ပါသတဲ့။

"ငါ့ကို မသတ်ကြပါနှင့်ကွာ။ ငါ့အသက်ကိုချမ်းသာပေးရင် မင်းတို့လိုချင်တဲ့ ရတနာတွေကို အကုန်ပေးပါ့မယ်။"

ဒီစကားကိုကြားတော့ မိုမိုတာရိုက အားပါးတရရယ်မောလိုက်ပြီး-

"ဘာအခုမှ ကြောက်ပါပြီလဲ။ မင်းတို့ ပစ္စည်းယူ လူသတ်ခဲ့တာ မရေမတွက်နိုင်တော့ဘူး။ ဒီအတွက် မင်းကို ငါတို့နိပွန်ကရာဇ်ဆီပို့ပြီး ထိုက်သင့်တဲ့အပြစ်ကို ပေးခိုင်းမယ်။ မင်းတို့ မတရားသဖြင့်ရယူစုဆောင်းထားတဲ့ ရတနာတွေကို နိုင်ငံပိုင်ဘဏ္ဍာအနေနှင့် သိမ်းခိုင်းမယ်။"

မိုမိုတာရိုဟာ လောဘ မကြီးသူ၊ တရားမျှတသူပီပီ ဆုံးဖြတ်ချက် ချပြီးတဲ့နောက် သူ့ကို မျောက်လက် 'ဝ' ကွက်အပ်လိုက်သတဲ့။ ရဲတိုက်ထဲမှာ မသတ်ရသေးတဲ့အကျဉ်းသားတွေကို ချုပ်နှောင်ထားရာက လွှတ်ပေးလိုက်တယ်။

တိုက်ပွဲဟာ အောင်မြင်စွာပြီးဆုံးခဲ့ပြီ ဖြစ်တဲ့အတွက် မိုမိုတာရို တို့အဖွဲ့ဟာ ရွှေငွေရတနာတွေကို သယ်ဆောင်ပြီး လာရာလမ်းကို အား မသိရှိမခဘဲ ပြန်လာခဲ့ကြတယ်။

ကလေးတို့ရေ။ ဂျပန်ဧကရာဇ်ဟာ သူ မဖြေရှင်းနိုင်တဲ့ ပြဿနာကို မက်မုံသီးလူလေး မိုမိုတာရိုက စနစ်တကျ အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့တဲ့အတွက် ချီးကျူးမဆုံးပေါ့ကွယ်။ နိုင်ငံရဲ့ အမြင့်ဆုံး သူရဲကောင်းဘွဲ့တံဆိပ်ကို အပ်နှင်းပြီး မိုမိုတာရိုတို့မိသားစုကို နန်း တော်ထဲ နေစေတယ်။ ၁၀ သက် စားမကုန်အောင် ချမ်းသာသွားပြီ ဖြစ်တဲ့ မိုမိုတာရိုဟာ သူ့ရဲ့သေဖော်ရှင်ဖက် ခွေး၊ မျောက်၊ ရစ်ငှက် ၃ ကောင်ကို ခြံရံပြီး မိဘ ၂ ပါးနှင့်အတူ သေတပန်သက်တစ်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားပါသတဲ့။ ။



ပန်းရွှေပြည်စာအုပ်တိုက်

# နှင်းဖြူမယ်

တစ်ခါတုန်းကပေါ့ကွယ်။ ဂျပန်ပြည်ရဲ့ တစ်ခုသောတောင်ပေါ် ကျေးရွာကလေးတစ်ရွာမှာ သစ်ခုတ်သမား ၂ ယောက် နေထိုင်ကြသတဲ့။ တစ်ယောက်သောသစ်ခုတ်သမားက ငယ်ရွယ်ပြီး အရွယ်နှင့်မမျှအောင် သန်မာထွားကျိုင်းတယ်။ သူ့ကြည့်လိုက်ရင် အမြဲလိုလို ပျော်ပျော်နေပါသတဲ့။ ကျန်တဲ့တစ်ယောက်ကတော့ အမြဲတမ်း ပင်ပင်ပန်းပန်း သစ်ခုတ်နေရတဲ့အတွက် အိုစာပင်ပန်းနေတဲ့ လူကြီးတစ်ယောက်ပဲ ဖြစ်တယ်ကွယ့်။

အရွယ်မတူ သန်စွမ်းမှုမတူတဲ့ သူတို့ ၂ ဦးဟာ နေ့စဉ်လိုလို တောင်ပေါ်ကနေ တောင်အောက် လျှိုမြောင်ချိုင့်ဝှမ်းတွေထဲ ဆင်းပြီး ကြမ်းတမ်းခက်ခဲတဲ့ သစ်ခုတ်တာတွေကို လုပ်ကြရတယ်။ သူတို့ဟာ မြစ်ရဲ့တစ်ဘက်ကမ်းမှာရှိတဲ့ တောထဲရောက်ဖို့အတွက် မနက်တိုင်း လှေစီးပြီး ကူးဖြတ်ကြရတယ်။ သူတို့ကို ပို့ပေးတဲ့လှေသမားရှိတယ်။ လုပ်ငန်းတွေပြီးလို့ ညနေပိုင်း အိမ်ပြန်ရင် မနက်ကလိုပဲ လှေနှင့် ပြန်ပို့ပေးရတာပေါ့။

ကလေးတို့ရေ။ ဂျပန်ပြည်ရဲ့ သဘာဝအနေအထားအရ နွေဦးကာလနှင့် နွေဦးရာသီတွေမှာ မြစ်ကိုဖြတ်ကူးရတာ သာယာစွာ အေးမသီရန်မခ ရှိတယ်ဆိုပေမယ့် မိုးရွာပြီးတဲ့အခါ နှင်းတွေ တရစပ်ကျနေချိန်ဆိုရင်တော့ အသည်းခိုက်အောင် အေးသတဲ့။ စိတ်ညစ်စရာကောင်းလောက်အောင် ထိုင်းမှိုင်းစွတ်စိုနေသတဲ့။

နှင်းတွေ အဆက်မပြတ် ထူထပ်ကျဆင်းနေတဲ့ ဆောင်းတစ်ညမှာပေါ့ကွယ်။ သူတို့ ၂ ဦးသား တောထဲကနေ ဖြတ်ပြီး အိမ်ကိုခြေကျင်အပြန်ခရီးမှာပဲ တစ်တောလုံးဟာ မယုံနိုင်အောင် မှောင်မည်းလာပြီး နှင်းတွေက မိုးရွာသလို ကျလာပါသတဲ့။ ဒီကြားထဲ လေပြင်းက မညှာမတာ ဝင်မွှေတော့ နှင်းပွင့်တွေဟာ သူတို့နှစ်ဦးရဲ့မျက်နှာတွေကို ခဲနှင့်ပေါက်သလို ဖြစ်နေတာပေါ့။ သူတို့ ၂ ဦးဟာ မမြင်မကန်း စမ်းတဝါးဝါး လှမ်းလျှောက်နေကြရတယ်။

ထင်းခုတ်သမားလူငယ်မှာ မီးအိမ်ငယ်တစ်လုံး ပါတယ်ဆိုပေမယ့် အလင်းရောင်က ပိုးစုန်းကြူးသာသာမို့ အဆက်မပြတ်ကျနေတဲ့ နှင်းထုကို ဘယ်လိုမှ ထိုးဖောက်မရ ဖြစ်နေတာပေါ့ကွယ်။ သူတို့ဟာ သွားနေကျလာနေကျဖြစ်နေလို့သာ လမ်း မမှားတာကွယ့်။ နောက်ဆုံးမှာတော့ သူတို့ဟာ မြစ်ကမ်းနံဘေးကို ရောက်လာခဲ့ကြတယ်။ ကံဆိုး

ချင်တော့ ဆိုးလွန်းတဲ့ရာသီဥတုကြောင့် လှေသမားက ဒီနေ့ မစောင့်ဘူးတဲ့။ လှေနှင့်တူတာ ဘာမှမတွေ့ရတော့ တစ်ယောက်မျက်နှာ တစ်ယောက် စိတ်ပျက်လက်ပျက်ကြည့်ကာ သက်ပြင်းချမိကြတယ်။ သူတို့ဟာ သွားလမ်းသာပြီး ပြန်လမ်းခက်လေတဲ့ ခရီးအတွက် အခက်အခဲ တွေ့နေကြရပြီ။ သူတို့ဟာ ကမ်းပေါ်ကနေရပ်ပြီး တစ်ဘက်ကမ်းကို မျှော်ကာ အသံကျယ်စွာ လှမ်းအော်ကြတယ်။ ဖြစ်ချင်တော့ တစ်ဘက်က ဘာသံမှမကြားရဘဲ သူတို့ရဲ့အော်ခေါ်သံတွေသာ လေထဲမှာ ပဲ့တင်ထပ်နေတာပေါ့။

ကြံရာမရတဲ့အဆုံးမှာ အတွေ့အကြုံရင့်ကျက်တဲ့ သစ်ခုတ်သမားကြီးက လူငယ်သစ်ခုတ်သမားဘက် လှည့်ပြီး ပြောလိုက်တယ်။

"ငါတို့ ဘယ်လောက်အော်အော် လိပ်ခေါင်းထွက်ရုံပဲ ရှိမယ်။ ဒီတစ်ညတော့ ဘယ်လိုနည်းနှင့်မှ ဟိုဘက်ကမ်း ကူးနိုင်တော့မှာမဟုတ် ဘူး။ အဲဒီတော့ကာ ကမ်းခြေမှာ ယာယီဆောက်ထားတဲ့ လှေသမားရဲ့ တဲထဲ တစ်ညအိပ်ကြရင်ကောင်းမယ်။ ဘာပဲပြောပြောလေဒဏ်, ဆီးနှင်းဒဏ်တော့ သက်သာမယ်။"

လူငယ်သစ်ခုတ်သမားကတော့ သူ့ဆန္ဒကို ပြောပြတယ်။

"ဒီည ကိုယ့်အိမ်မှာပဲ ဟင်းချိုပူပူကို ထမင်းဆုပ်နှင့် စားချင်တယ်ဗျာ။ ဟိုလှေသမားက အခုအချိန်ဆို စိမ်ကျနေလောက်ပြီ။ ဒီညတော့ ငတ်ပါပြီဗျာ။"

"တစ်ခါတစ်ရံကြုံတတ်တဲ့ အခိုက်အတန့် တစ်ခဏကိစ္စတွေအတွက် စိတ်မပျက်ပါနှင့်ကွာ။ ငါတို့ လှေသမားရဲ့တဲဆီ သတိထားပြီး သွားကြရအောင်။"

ဒီလိုနှင့်ပဲ သူတို့ ၂ ဦးဟာ လှေသမားဆောက်ထားတဲ့ တဲအိမ်ထဲကို ရောက်လာကြတာပေါ့။

"ဟင်-အထဲမှာ မီးဖိုမရှိ ဘာမရှိ။ ဘယ်လိုလုပ် နွေးအောင် လုပ်ရမလဲ။"

"တံခါးတွေ ရှိတာပဲကွာ။ တံခါးတွေပိတ်လိုက်ရင် အပြင်က လေဒဏ်, အအေးဒဏ် ခံသာတာပေါ့။"

"အင်း-ဒီတစ်ညတော့ ဒီမှာပဲ အိပ်ရတော့မယ်။ မနက်ကျ လှေသမားလာရင် အိမ်ပြန်ပို့ခိုင်းရတော့မှာပဲ။"

သူတို့ ၂ ဦးဟာ တွေ့တဲ့စောင်တစ်ထည်ကို တစ်ဝက်စီ မျှခြုံပြီး အိပ်ကြတယ်။ အသက်ကြီးကြီး သစ်ခုတ်သမားဟာ ပင်ပန်းလွန်းလို့ ခဏချင်း အိပ်ပျော်သွားပေမယ့် လူငယ် သစ်ခုတ်သမားကတော့

တော်ရုံနှင့် အိပ်မပျော်ဘူးတဲ့ကွယ်။ သူ့ရဲ့နားထဲမှာ တောရဲ့သဘာဝ အသံဗလံတွေ၊ လေတိုက်ခတ်နေတဲ့ အသံမျိုးစုံတွေကို ကြားနေရတယ်။ အပြင်က လေတိုးလို့ အထဲမှာ ဘယ်လောက်ပဲအေးအေး အချိန်တန်တော့ တခေါခေါနှင့် အိပ်ပျော်သွားတော့တာပေါ့။

လူငယ်ကလေးဟာ အိပ်နေရာကနေ ချက်ချင်း လန့်နိုးလာတယ်။ ကြည့်လိုက်တော့ သူ့ရဲ့မျက်နှာပြင်ပေါ်မှာ အလွန်အေးမြတဲ့ အရာတွေ ပက်ဖျန်းနေတာကို ခံစားလိုက်ရသတဲ့။ တဲတံခါး ကြည့်လိုက်တော့ ပွင့်နေတာကို တွေ့ရသတဲ့။ တဲထဲကို နှင်းပွင့်မှုန်များတွေ ကရစပ်လွင့်ပြီး ဝင်လာကြတယ်။

သူဟာ တံခါးဝကို အံ့သြစွာကြည့်နေစဉ်မှာပဲ တံခါးဝမှာ တစ်စုံတစ်ယောက် ရပ်နေသလို မြင်လိုက်ရတဲ့အတွက် ထိတ်လန့်သွားတော့တာပေါ့ကွယ်။ နှင်းပွင့်တွေကြားက ပီပြင်ထင်ရှားလာတာက အဖြူရောင်ဝတ်စုံကို ဝတ်ထားတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ပုံရိပ်ပဲဖြစ်တယ်ကွယ့်။ သူဟာ အိပ်မက်ပမာ ခံစား မိန်းမောနေမိရာကနေ အဲဒီ ဖြူလွလွအမျိုးသမီးဟာ သူတို့အနားကို ရောက်လာပါလေရောတဲ့ကွယ်။

လူငယ်သစ်ခုတ်သမားဟာ အဖြူရောင်မိန်းမပျိုကို ကြည့်ရင်း ရင်ခုန်သံတွေ ရပ်တန့်သွားမတတ် တုန်လှုပ်သွားပါသတဲ့။ အဖြူရောင်

မိန်းကလေးဟာ နှစ်ခြိုက်စွာ အိပ်မောကျနေတဲ့ အရွယ်လွန်သစ်ခုတ်သမားကြီးကို ငုံ့ကြည့်ပြီး မျက်နှာပေါ် အသက်ပြင်းပြင်း ရှူထုတ်လိုက်ပါလေရောတဲ့ကွယ်။ သူမထုတ်လိုက်တဲ့ အငွေ့အသက်တွေဟာ အေးမြတဲ့လေပြည်ထဲမှာ မီးခိုးတန်းအဖြူကလေးအဖြစ် မြင်လိုက်ရတယ်။

သစ်ခုတ်သမားကလေးဟာ ကြောက်လန့်တဲ့စိတ်နှင့် အသက်မရှူရဲဘဲ ငြိမ်သက်စွာ စူးစိုက်ကြည့်နေမိတယ်။

သူ့စိတ်ထဲမှာတော့ 'ဒါဟာ နာနာဘာဝ လှည့်စားမှုလား။ အိပ်မက်ဆိုးပေပဲလား။'

နောက်ဆုံးတော့ သူ့ရဲ့ ကြောက်စိတ်ကို ထိန်းပြီး အဖြူရောင်မယ်ကလေးကို ပြုံးပြလိုက်မိတယ်။ သူမရဲ့မျက်နှာသွင်ပြင်ဟာ အလွန်အမင်းဖြူဆွတ်ပြီး တည်ငြိမ်နေတဲ့အတွက် သူဟာ အရင်ကထက်ပိုကြောက်လာတာပေါ့ကွယ်။

အဲဒီအချိန်မှာပဲ အဖြူရောင်အမျိုးသမီးဆီက အေးစက်တဲ့အသံထွက်လာသတဲ့။

"ကောင်လေး။ မင်း အစောကြီးကတည်းက နိုးနေတာကို ငါသိတယ်။ မင်းဟာ အအေးဒဏ်ကြောင့် သွေးခဲမတတ်ဖြစ်နေ

တာကို ငါသိတယ်။ ငါ့အာငွေ့နှင့် နွေးထွေးအောင်လုပ်ပေးဖို့ ဆန္ဒရှိပါတယ်။ ခက်တာက မင်းဟာ ငယ်လွန်းပြီး ချောမောလှပခံ့ညားနေတဲ့သူဖြစ်တဲ့အတွက် မင်းကို အသက် ဆက်လက်ရှင်သန်ခွင့်ပြုလိုက်တယ်။ ငါဟာ မင်းကို ဒီတစ်ကြိမ်တစ်ခါပဲ ချမ်းသာပေးလိုက်တယ်လို့ မှတ်ထားပါ။ ဒီအကြောင်းကို ဘယ်သူ့ကိုမှ လျှောက်မပြောရဘူး။ ပြောမိတာနှင့် မင်းအသက်ကို ငါယူရလိမ့်မယ်။ ကြောက်ရင်တော့ မပြောမိအောင် ဆင်ခြင်နေထိုင်ပေတော့။"

သစ်ခုတ်သမားလေးဟာ အံ့ဩမင်သက်နေချိန်မှာပဲ သူမလည်း ဖြည်းညင်းစွာပဲ တဲအတွင်းကနေ မျောလွင့် ထွက်ခွာသွားပါလေရောတဲ့။

အဲဒီလို ထွက်သွားတာကိုမြင်လိုက်ရတာနှင့်တစ်ပြိုင်နက် လူငယ်သစ်ခုတ် သမားလေးဟာ တဲပေါက်ဝထိပြေးကာ အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ ထူထပ်စွာကျနေတဲ့ နှင်းတွေကလွဲပြီး အခြား ဘာမှမမြင်ရပါဘူး။

အိပ်မက်ပမာ ရောက်လာပြီး ပြန်ထွက်သွားတဲ့ အဖြူရောင်မယ်ကလေးဟာ ညဥ့်အမှောင်နက်နက်ထဲမှာ အခိုးအငွေ့တစ်ခုလို လွင့်ပါးပျောက်သွားခဲ့သတဲ့ကွယ်။

သူဟာ တဲအတွင်း ကမန်းမတန်းပြေးဝင်လာပြီး သူ့အဖော် သစ်ခုတ်သမားကြီးကို နာမည်ခေါ်ပြီး လှုပ်နှိုးလိုက်ပေမယ့် ထူးသံ မကြားရတော့ဘူးကွယ့်။ မျက်နှာကို စမ်းကြည့်လိုက်တော့ ရေခဲတမျှ အေးစက်နေတာကို သတိထားလိုက်မိတယ်။

"ဟာ-သူ သေသွားပါပကောလား။"

အဲဒီတော့မှ သူဟာ အင်မတန်ကြောက်စရာကောင်းတဲ့ အဖြစ် ဆိုးကို ကြုံလိုက်ရပြီဆိုတာကို ရိပ်မိသွားတော့တာပေါ့။

နောက်တစ်နေ့မနက် မိုးအလင်း နှင်းအကျ ရပ်သွားပြီး နေကလေး ပွင့်လာတဲ့ သာသာယာယာအချိန်ကျမှ လှေသမားဟာ မြစ်ကိုဖြတ်ကူးပြီး လော်ခတ်လာတယ်။ သူ ယာယီနားရာ တဲထဲ အရောက် ထင်းခုတ်သမားလူငယ်ကလေးဟာ ရေခဲပြီး သေဆုံးနေတဲ့ သစ်ခုတ်သမားကြီးအနား အိပ်ပျော်နေတာကို တွေ့လိုက်ရတော့ အံ့ဩ သွားတာပေါ့။

သူဟာ လူငယ်ကိုနှိုးပြီး အကြောင်းစုံကို မေးပေမယ့် လူငယ် ကလေးက ဘာဆိုလာမှမပြောဘဲ ရေငုံနှုတ်ပိတ်နေတာမို့ လက်လျှော့ လိုက်ရတယ်။ ဒီလိုနှင့်ပဲ နှင်းကျတဲ့ညတစ်ညရဲ့ ဇာတ်လမ်းဟာ လူမသိသူမသိ ပြီးဆုံးသွားခဲ့ရတယ်။



ဒီလိုနှင့် ပူပြင်းခြောက်သွေ့တဲ့ နွေရာသီကိုရောက်တော့ နှင်းကြွင်းနှင်းကျန်တွေဟာ အရည်ပျော် ပျောက်လွင့်ကုန်ကြပြီ။ တစ်ဘက်ကမ်းမှာရှိတဲ့ သစ်တောထဲကို လူငယ်သစ်ခုတ်သမားတစ်ဦးတည်း

အဖော်မဲ့ အလုပ်ဆင်းနေရရှာတယ်။ သူဟာ သစ်ခုတ်နေရင်းက တစ်ချိန်သောအခါက ကြုံဆုံခဲ့ရတဲ့ အဖြူရောင်မိန်းမပျိုကလေးနှင့် သစ်ခုတ်သမားကြီးရဲ့ ဖြစ်ရပ်ဆိုးကို မျက်စိထဲ ပြန်လည်မြင်ယောင်နေမိတယ်။

'ဘာကြောင့် ဒီလိုအဖြစ်မျိုးကြုံရတာလဲ။' လို့ သူ့စိတ်ထဲ တွေးနေမိတယ်။

'ဒီအကြောင်းကို ဘာလို့ ငါ့ကို ပြန်မပြောစေတာလဲ။'

သူဟာ သူ့ကတိကိုသူ စောင့်ထိန်းခဲ့ပေမယ့် အဖြေမရှိသေးတဲ့ ပုစ္ဆာအတွက် အခက်တွေ့နေရရှာတယ်။

'ဘာလို့ ငါ့ကို နှုတ်ပိတ်ခဲ့တာလဲ။ ငါ့ကို သတ်မယ်ကြိမ်းခြောက်ရတာလဲ။'

ဒီလိုနှင့် နွေဦးရာသီအကုန် ဆောင်းဥတုရောက်လာချိန် တစ်ညနေခင်းမှာပေါ့ကွယ်။ သစ်ခုတ်ရာကနေ အိမ်ကို စောစောပြန်လာတဲ့ သစ်ခုတ်သမားလေးဟာ လာလမ်းအတိုင်းအပြန် မြစ်ဆိပ်ကိုအရောက် လျှောက်လာစဉ် လမ်းမှာ လွန်စွာမှ ချောမောလှပတဲ့မိန်းမပျိုတစ်ဦးကို တွေ့လိုက်ရသတဲ့။ သူမရဲ့အသားအရေဟာ သူများနှင့်မတူအောင် ဖြူဖွေးနူးညံ့နေတာကို သတိထားလိုက်မိတယ်။ တည်ငြိမ်တဲ့မျက်နှာ

ထားကလေးနှင့် သာယာနာပျော်ဖွယ် စကားလေးတွေကိုပဲ သူ့စိတ်ထဲ စွဲလမ်းနေမိသတဲ့။

သူတို့ ၂ ဦးဟာ အမှတ်မထင် မိတ်ဆွေဖြစ်ခွင့်ရခဲ့ပြီး တစ်နေ့မှာ မြစ်ကမ်းစပ်ဘက် အမှတ်မထင်လျှောက်လာကြတယ်။

သစ်ခုတ်သမား လူငယ်ကလေးက သူမရဲ့ နာမည်ကို မေးတော့-

"ကျွန်မနာမည်က 'အိုယုခိ' တဲ့။ မိဘ ၂ပါးစလုံး မရှိရှာတော့ပါဘူး။ အလုပ်မရှိလို့ မြို့ပေါ်တက်ပြီး အလုပ် လိုက်ရှာနေတာ။"

သစ်ခုတ်သမား လူငယ်ကလေးဟာ အရွယ်နှင့်မမျှအောင် ရင့်ကျက်တည်ငြိမ်မှုနှင့် လှပနေတဲ့ မိန်းမပျိုကလေးရဲ့ အကြောင်းကိုသာ အချိန်ရှိသမျှ တွေးတောနေသတဲ့။

"လှလိုက်တာ။ တည်ငြိမ်လိုက်တာ။ ငါတွေ့ဖူးသမျှတွေထဲမှာ သူမ အလှဆုံးပဲ။ အမြဲတွေ့နေရရင် ဘယ်လောက်ကောင်းမလဲ။ ဒီတစ်ခါ ရွာက ငါ့အိမ်မှာတည်းဖို့ ဖိတ်မှပဲ။"

သူ့ရဲ့ဖိတ်ခေါ်မှုကို အိုယုခိက လက်ခံသဘောတူလိုက်ပါသတဲ့။ ရွာကိုခေါ်လာတော့ သစ်ခုတ်သမားလေးရဲ့ အမေဟာ အံ့သြစွာနှင့် တွေ့တွေ့ချင်းပဲ ချစ်ခင်သွားတော့တာပေါ့ကွယ်။ အိုယုခိအပေါ်

လိုက်လို့ ရွာကြီးဆိုသည့်ခံပြီး လိုလေသေးမရှိ ပြုစုရှာသတဲ့။ အိမ်မှာ နေရာကအစ သူကိုယ်တိုင် လုပ်ပေးတယ်။

မနက်ကျတော့ သစ်ခုတ်သမားရဲ့မိခင်က အိုယုခိကို ပြောလိုက်သတဲ့။

"မပြန်ပါနဲ့ဦးကွယ်။ ဒီမှာနေရတာ မပျော်လို့လား။"

အိုယုခိဟာ အဘွားကြီးရဲ့စကားကြောင့် သစ်ခုတ်သမားလေး အိမ်မှာပဲ ဆက်နေဖြစ်တယ်။

'အိုးချင်းထားတော့ အိုးချင်းထိ' ဆိုတဲ့ စကားလို အနေကြာတော့ တစ်ဦးကိုတစ်ဦး မေတ္တာစုံမက် လက်ထပ်လိုက်ကြတယ်။

အတူနေရတဲ့အခါကျမှ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းဟာ ပိုပြီး ပေါ်လွင်လာတယ်ကွယ့်။ အိုယုခိဟာ သူမတူအောင် တော်တဲ့ အိမ်ရှင်မတစ်ဦးဖြစ်တယ်။ ဒါကြောင့် သစ်ခုတ်သမားဟာ သူမကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ရှာသတဲ့။

သူတို့နေထိုင်တဲ့အိမ်ကို ချဲ့ပြီး အိမ်အကြီးကြီး ဆောက်လုပ်ကာ ပျော်ရွှင်စွာနေထိုင်လာကြရင်း၊ နှစ်ပေါင်းများစွာအကြာမှာ သူတို့လင်မယားကနေ အင်မတန်သန်မာထွားကျိုင်းတဲ့ ကလေး ၁၀ ယောက် မွေးဖွားခဲ့ပါသတဲ့။ 'တစ်သားမွေး တစ်သွေးလု' ဆိုတာထက်

ဆယ်သားမွေး ၁၀ သွေးလှနေတဲ့ အိုယုခိဟာ ဘယ်အချိန်ကြည့်ကြည့် ငယ်ရွယ်နုပျိုပြီး တည်ငြိမ်စွာ လှပနေတုန်းပဲတဲ့ကွယ်။

ကလေးတို့ရေ။ နှင်းမုန်တိုင်းတွေကျပြီး လေပြင်းတွေတရစပ် တိုက်ခတ်နေတဲ့ဆောင်းညတစ်ညမှာပေါ့ကွယ်။ သူတို့နှစ်ယောက်ဟာ မီးဖိုရှေ့မှာ ထိုင်နေပါသတဲ့။ ကလေး ၁၀ ယောက်စလုံး အိပ်နေချိန် မှာ အိုယုခိက အင်္ကျီချုပ်နေသလို၊ သစ်ခုတ်သမားလူရွယ်က ဆေးတံ သောက်နေတယ်။ သူဟာ ဆေးတံကိုဖွာရှိုက်ရင်းက မီးရောင်အောက် မှာမြင်တွေ့နေရတဲ့ အိုယုခိရဲ့မျက်နှာကလေးကို တစိမ့်စိမ့်ငေးကြည့် တယ်။ မသိမသာအေးလာတဲ့ သူ့ခြေအစုံကို နွေးအောင်လုပ်ရင်းက သက်ပြင်းချလိုက်တယ်။ ပြီးမှ အိုယုခိဘက်လှည့်ပြီး ပြောလိုက်တယ်။

"မိန်းမရေ။ အိမ်တစ်လုံးရဲ့အဓိပ္ပာယ်ဆိုတာ ဒါကိုပြောတာပဲ ဖြစ်မယ်။ ကြည့်စမ်း အပြင်ဘက်မှာ ဘာတွေ ဘယ်လိုပဲ ဖြစ်နေဖြစ်နေ တံခါးပိတ်ထားရုံပဲ။ နွေးထွေးလုံခြုံပြီး သက်သောင့်သက်သာရှိတဲ့ ဘဝမျိုးကို အိမ်တစ်လုံးထဲမှာပဲ ရနိုင်တာကွ။ ငါတော့ကွာ ဒီလိုညမျိုး အပြင်ထွက်ဖို့ သိပ်ကြောက်တာပဲ။"

အိုယုခိဟာ ပြုံးလိုက်ပြီး သူ့လုပ်လက်စအလုပ်ကို ဆက်လုပ် နေတယ်။ သစ်ခုတ်သမားက တစ်ချက် ပျင်းကြောဆန့်ပြီး ထပ်ပြော ပြန်သတဲ့။

"အခုလို မင်းနှင့်ငါ အတူတူ အိမ်ထဲမှာ စိမ်ရှိရှိနေရတာက နှင်းတောထဲ ရှန်းကန်နေရတာထက်စာရင် အများကြီး သာတာ ပေါ့ကွာ။ အခုလို တည်ငြိမ်လှပတဲ့ မင်းမျက်နှာကလေးကိုမြင်ရတော့ တစ်ချိန်တစ်ခါက ငါကြုံခဲ့ရတဲ့အဖြစ်အပျက်ကလေးကို ပြန်ပြီး သတိရ မိတယ်။ ဒီလိုညမျိုးမှာပေါ့ကွာ။ လှပတဲ့မိန်းမပျိုတစ်ဦးကို ငါတွေ့ခဲ့ ရတယ်။ မင်းမျက်နှာကလေးလိုပဲ တည်တည်ငြိမ်ငြိမ်ကလေး"

"သြော်-ရှင်လည်း ဇာတ်လမ်းရှိခဲ့ဖူးတာကိုး။ ပြောပြပါ့ လားရှင်။"

ဒီလိုနှင့် သစ်ခုတ်သမားဟာ တစ်ရံရောအခါက သူကြုံတွေ့ ခဲ့ရတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ညတစ်ညနှင့် တဲကလေးအကြောင်း ပြန်ပြောင်းပြောပြလိုက်မိတယ်။

"အဲဒါ သူမကို ပထမဆုံးနှင့် နောက်ဆုံး တွေ့ခဲ့ရတာပဲကွ။ အိပ်မက်မက်နေသလိုပါပဲကွာ။ ငါ-အခုထိ သူ့မျက်နှာကလေးကို မေ့မရဘူး။"

သစ်ခုတ်သမားရဲ့ ဆွေးမြည့်ဖွယ်အတိတ်ဇာတ်ကြောင်း အဆုံး သတ်သွားတယ်ဆိုရင်ပဲ အိုယုခိဟာ ထိုင်နေရာက ဒေါသတကြီး ရုတ်တရက် အော်ဟစ်လိုက်ပြီး၊ သူချုပ်နေတဲ့ အဝတ်စကို လွှင့်ပစ် လိုက်တယ်။ ပြီးမှ-

"အဲဒီညက ရှင်နှင့်တွေ့ခဲ့တဲ့မိန်းမက ဘယ်သူမှတ်လဲ။ အဲဒါ ကျွန်မပဲ။ သစ်ခုတ်သမားကြီးကို သတ်လိုက်တဲ့ အဖြူရောင်နှင်းပွင့် မယ်ဟာ ကျွန်မပဲရှင့်။ အဲဒီညက အပြင်မထွက်ခင် ရှင့်ကို ကျွန်မ ပြောခဲ့တဲ့စကား မှတ်မိသေးလား။ တစ်ယောက်ယောက်ကို ပြန်ပြော မိရင် ရှင့်ကို ကျွန်မ အသေသတ်မယ်ဆိုတာလေ။ ရှင် မေ့သွားပြီ လား။"

သစ်ခုတ်သမားဟာ ထင်မှတ်မထားတဲ့ စကားကို ကြားလိုက် ရတဲ့အတွက် အလွန်အမင်း ကြောက်ရွံ့သွားရှာတာပေါ့ကွယ်။ သူ့ မျက်နှာဟာ သွေးမရှိသလို ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး ဘာပြန်ပြော ရမှန်းမသိ ဖြစ်နေတော့တာပေါ့။

"ကဲ-ကတိအတိုင်း ရှင့်ကို ကျွန်မ သတ်ရတော့မယ်။"

"မလုပ်ပါနှင့်ကွာ။ ငါက တခြားသူကို ပြောမိတာမှ မဟုတ် တာ။ ကာယကံရှင် မင်းကိုပဲ ပြောခဲ့မိတာလေကွာ။ သတိထား ဆင်ခြင်ပါဦးကွာ။"

အိုယုခိဟာ စိတ်ကို ထိန်းချုပ်ရင်း သူမမျက်နှာဟာ အရင် ကလို တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားတယ်။ ပြီးမှ-

"ကျွန်မ ရှင့်ကို သတ်လိုက်ရင် အိပ်နေကြတဲ့ကလေးတွေ ဒုက္ခရောက်ကြရတော့မယ်။ ဒါပေမယ့် ကျွန်မက ကတိတစ်လုံးကို အသက်ထက်ပို တန်ဖိုးထားတာရှင့်။ ဒီတော့ ဒီကလေး ၁၀ ယောက် စလုံးကို ရှင်ပဲ တစ်သက်လုံး ပြုစုစောင့်ရှောက်ရင်း နေခဲ့ပေတော့။"

သစ်ခုတ်သမားဟာ ဇနီးသည် အိုယုခိရဲ့ တည်ငြိမ်လှပတဲ့ မျက်နှာကလေးကို သွေးပျက်တုန်လှုပ်စွာ အလန့်တကြားကြည့်နေမိတယ်။ သူ မင်သက်ကြည့်နေတုန်းမှာပဲ သူမရဲ့အသံဟာ တဖြည်းဖြည်း တိုးလာပြီး လေသံမျှလောက်သာ ကြားရတော့တဲ့အထိ ဖြစ်သွားသတဲ့ကွယ်။

အဲဒီအချိန်မှာပဲ အခန်းထဲမှာ ဖိုထားတဲ့မီးတွေဟာ အလို အလျောက် ငြိမ်းသွားတယ်။ အခန်းတစ်ခန်းလုံး ရေခဲပြင်ပမာ အေးမြလာတယ်။ သူ ငေးမောကြည့်နေတုန်းမှာပဲ အိုယုခိရဲ့ပုံရိပ်ဟာ မြူမှုန် သဏ္ဌာန် တဖြည်းဖြည်းပြောင်းလဲပြီး သေးငယ်သွားတာကို မြင်လိုက်ရတယ်။ နောက်ဆုံးမှာတော့ မြူမှုန်ငယ်ကလေးဟာ အစက်အပြောက် ဖြစ်သွားပြီး အိမ်ခေါင်မိုးကနေတစ်ဆင့် လွင့်မျောကာ တိတ်ဆိတ်တဲ့ ညဦးအမှောင်ထုတဲ ပျောက်ကွယ်သွားပါလေရောတဲ့ကွယ်။

"ငါဟာ တစ်သက်လုံး အချိန်အကြာကြီး စောင့်ထိန်း သိုသိပ် ထားခဲ့ရတဲ့ စကားတစ်ခွန်းကို အမှတ်မထင် ပြောလိုက်မိတဲ့အတွက် သူ့ကို အခုလို ဆုံးရှုံးလိုက်ရတာပဲ။ နှင်းထဲကလာပြီး နှင်းထဲမှာ ပြန်သွားရှာတဲ့ နှင်းဖြူမယ်ကလေးရေ။ ငါ့ကို ခွင့်မလွှတ်ပါနှင့်တော့ကွာ။ ငါ့မိုက်ပြစ်ကိုငါ ရင်နှင့်ခံပြီး ပူလောင်တဲ့မီးအဖြစ် သေတဲ့အထိ သိမ်းသွားရတော့မှာပါ။"

အေးမြနေတဲ့အခန်းကလေးထဲမှာ သစ်ခုတ်သမားဟာ အရူး တစ်ယောက်လို တတွတ်တွတ်ရေရွတ်ပြီး တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်စွာနှင့် ကျန်ခဲ့ရှာသတဲ့။ အဲဒီဆောင်းတစ်ညကစပြီး သူ သေမယ့် ဆောင်းညကိုင်အောင် နှင်းဖြူမယ်တစ်ဖြစ်လဲ အိုယူခိ ကလေးကို ဘယ်သောဘယ်အခါမှ မတွေ့ရတော့ဘူးတဲ့ကွယ်။

မတည်တဲ့ကတိတစ်လုံးဟာ သေသည်အထိ ဆုံးရှုံးခြင်းကိုသာ ရစေနိုင်တယ်ဆိုတာကို ဒီပုံပြင်ကလေးက သက်သေပေါ့ကွယ်။ ။



ပန်းရွှေပြည် စာအုပ်တိုက်

# လောက်မ

ကမ္ဘာ့အရပ်ရပ်က နိုင်ငံတကာပုံပြင်တွေထဲမှာ လောက်မပုံပြင်တွေ အများကြီးရှိကြတယ်ကွယ့်။ အဲဒီပုံပြင်တွေအားလုံးရဲ့ ဦးစွာအစမြစ်ဖျားခံရာကတော့ ဂျပန်ရိုးရာပုံပြင်တစ်ပုဒ်ဖြစ်တဲ့ 'လောက်မ'ပဲ ဖြစ်တယ်ကွယ့်။ ပုံပြင်ဆိုတာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးရောယှက်နေတတ်တယ်။ ဂျပန်လောက်မပုံပြင်ကလေးကို ဖတ်ကြည့်ကြပေါ့။

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။

ဂျပန်ပြည်ရှိ ခေါင်ခိုက်တဲ့ကျေး ရွာမှာတစ်ရွာမှာ အမယ်အိုလင်မယား နေထိုင်ကြပါသတဲ့။ သူတို့မှာ ရှားရှားပါးပါး ထူးဆန်းတဲ့သားရတနာတစ်ဦးကို အရွယ်လွန်မှ မွေးဖွားခဲ့ကြတယ်။ သူဟာလွန်စွာမှ သေးငယ်လွန်းလှတယ်။ လက်မသာသာအရွယ်မို့ အားလုံးက 'လောက်မ' လို့ ချစ်စနိုး ခေါ်ဝေါ်ခဲ့ကြတယ်။

"ငါတို့သားက ငယ်သာငယ်၊ သေးသာသေးတာ။ ရုပ်ကတော့ချောပါပေ့။ ယောကျ်ားကောင်းအင်္ဂါရပ်နှင့် ပြည့်စုံပါပေ့။ ဒီကောင်ကြီးလာရင် သတ္တိရှိမှာ သေချာတယ်။"

ဖခင်ဖြစ်သူ အဘိုးအိုက သူ့ရဲ့ ပိစိကွေးသားကလေးကို တစိမ့်စိမ့်ကြည့်ပြီး အမွှမ်းတင်လေ့ ရှိတယ်။

"ဟုတ်ပါ့တော်။ ကျွန်မတို့သားကလေးက လူစဉ်သာမမီတာ။ စားလိုက်ရင် သူ့ထက်ကြီးတဲ့ ကလေးတွေကိုတောင် အမြဲအနိုင်ယူနေတာရှင့်။ ကြည့်လိုက်ရင် အမြဲ ပြုံးနေတာပဲ။ ခက်တာကသူနှင့် သက်တူရွယ်တူတွေကသာ တစ်နေ့တခြား ကြီးလာတာ။ သူကတော့ ၃ လက်မကနေ မတက်တော့ဘူး။ ကစားရင်းသူငယ်ချင်းတွေ တက်နင်းမိမှာကိုပဲ အမြဲစိတ်ပူနေရတာတော့။"

ဝမ်းနှင့်လွယ်ပြီး မွေးခဲ့ရတဲ့အမေဖြစ်သူ အမယ်အိုက လက်မကလေးကို ကြည့်ပြီး စိတ်မသက်မသာပြောရှာတယ်။

ကလေးတို့ရေ။ 'သေးသေးကလေးက ဝေးဝေးပြေးတယ်။' ဆိုတဲ့ စကားလိုပေါ့ကွယ်။ လက်မက ငယ်သာငယ်တာ စိတ်အကြံကတော့ ရောမဆိုပဲ။

"ငါဟာ တစ်နေ့ကျရင် ဆာမူရိုင်းစစ်သည်တော် အကျော်အမော်ဖြစ်ရမယ်။"

လက်မကလေးက သူ့ရဲ့ တစ်ခုတည်းသော စိတ်အကြံဆန္ဒကို အမြဲလိုလိုထုတ်ဖော်ပြောဆို ကြုံးဝါးလေ့ရှိသတဲ့။

ဒါကိုကြားတော့ သူနှင့် ရွယ်တူကလေးတွေကို ရယ်မောဟားတိုက်ကြတာပေါ့ကွယ်။

"လေက်မရေ။ အပြော နည်းနည်းလျှော့။ ၁ လက်မ ပိုသေးသွားလိမ့်မယ်ကွ။"

"အပြောကတော့ ဆင်။ မြင်ရတော့ ကြွက်ကလေး။"

"စစ်သည်တော်ကြီးကိုင်မယ့် ကင်ဒီဓားက သွားကြားထိုးတံသာသာရယ်။"

ဘယ်သူတွေ ဘယ်လိုပဲ လှောင်ပြောင်ကဲ့ရဲ့ကြပါစေ။ လေက်မကတော့ သူ့ဆန္ဒကို တစ်လက်မမျှ အလျှော့မပေးစတမ်း ဆုပ်ကိုင်ထားခဲ့သတဲ့။

"တစ်နေ့ မင်းတို့အားလုံး ငါ့ကို ဂုဏ်ပြုကြရလိမ့်မယ်။"

သူ့အသက် ၁၅ နှစ်သားအရွယ်ရောက်တော့ သူ့ရဲ့ပြင်းပြတဲ့ဆန္ဒကို အကောင်အထည်ဖော်ဖို့အတွက် မိဘ ၂ ပါးကို ခွင့်တောင်းတယ်။

"သား အရွယ်ရောက် လူလားမြောက်ပါပြီ။ ကိုယ်စွမ်းကိုယ်စနှင့် မြို့ပေါ်မှာ အမှုထမ်းခွင့်ပြုပါ။"

မိဘ ၂ ပါးက ချွတ်တားကလေးရဲ့ ကိုယ်ကာယအနေအထား ကို သိလို့ ဖွတ်အတင်းတားပေမယ့် သူ့ဆန္ဒက ဒိုင်နိုဆောလောက် ကြီးနေပြီမို့ ဘယ်လိုမှတားမရဘူးပေါ့ကွယ်။

မတတ်သာလို့ ခွင့်ပြုလိုက်ရပေမယ့် မခွဲခွာချင်တဲ့ မိဘ ၂ ပါးက ဆုံးမဩဝါဒစကား ပြောရတော့တယ်။

"ဘယ်နေရာကိုရောက်ရောက် 'သည်းခံခြင်း'ဆိုတဲ့ ခွန် တရား လက်ကိုင်ထားပြီးနေပါကွယ်။ ကိုယ့်ကိုယ်ကို ဘဝင်မြင့်ပြီး သူတစ်ဖက်သားအပေါ် ဘယ်သောအခါမှ မထေမဲ့မြင် မပြုမိစေ နှင့်ကွယ်။"

ကလေးတို့ရေ။ ငလက်မကလေး နေထိုင်တဲ့အိမ်ရဲ့ မနီး မဝေးမှာ မြို့တော်ကြီးဘက်ကို စီးဆင်းနေတဲ့ မြစ်ကြီးတစ်ခုရှိသတဲ့။ အဲဒီမြစ်ကြီးအတိုင်း စုန်ဆင်းလိုက်မယ်ဆိုရင် သူသွားချင်နေတဲ့ မြို့တော်ဆီ ရောက်နိုင်တယ်ကွယ့်။ သူဟာ နဂိုကတည်းက အကြံ အစည်ရှိထားတဲ့အတိုင်း သစ်သားနှင့်လုပ်ထားတဲ့ ဟင်းချိုပန်းကန် လုံးကြီးတစ်လုံးကို လှေအဖြစ် အသုံးပြုဖို့ ဆုံးဖြတ်လိုက်တယ်။

"လှေကတော့ ဟုတ်ပါပြီ။ လှော်တက်လုပ်ဖို့ကို အဖေတို့ သုံးတဲ့ ထမင်းစားတူတစ်ချောင်းကို ယူသွားမယ်။ ရန်သူတွေကို ခုခံဖို့ ကတော့ အမေအင်္ကျီချုပ်တဲ့ အပ်တစ်ချောင်းရရင် လုံလောက်ပြီ။"

လေက်မဟာ လိုအပ်တဲ့ပစ္စည်းတွေအားလုံးကို စနစ်တကျ လှေပေါ်တင်လိုက်ပြီးတဲ့နောက် မိဘ ၂ ပါးကို ရှိခိုးဦးချပြီး သစ်သား ခွက်လှေကလေးနှင့် မြစ်ကြောင်းအတိုင်း လှော်ခတ်သွားပါတော့ သတဲ့ကွယ်။

အလွန် ရေစီးသန်တဲ့မြစ်ကြောင်းအတိုင်း သတိကြီးစွာထားပြီး တရွေ့ရွေ့ မျောပါလာလိုက်တာ တစ်ခါတစ်ရံ ပြင်းထန်တဲ့လှိုင်း ဂယက်တွေကြောင့် သစ်သားခွက်လှေကလေးဟာ မှောက်တော့မလို ဖြစ်ရတယ်။ မထင်မှတ်တဲ့ လေပွေသရမ်းတွေကြောင့်လည်း သူ့ခမျာ ဘေးအန္တရာယ်ကလွတ်အောင် ထမင်းစားတူ လှော်တက်ကလေးနှင့် ထိန်းရပြန်သတဲ့။

သူဟာ အဲဒီလို သဘာဝဘေးဒဏ်တွေကို မကြောက်မရွံ့ ကြံ့ကြံ့ခံပြီး လိုရာပန်းတိုင်ရောက်အောင် စိတ်မပျက်အားမလျှော့ဘဲ ခရီးဆက်ခဲ့တယ်။

"သေတစ်နေ့ မွေးတစ်နေ့ပဲ။ စွန့်စားမှုမရှိတဲ့ သာမန်လူသား တစ်ဦးအနေနှင့် ငါဟာ ဘဝကို အလဟဿ အချည်းနှီး မကုန်ချင် ဘူး။ သေမှသာ သေရော့။ ယောကျ်ားတို့ဖွဲ့ မလျှော့ဘူး။"

ကလေးတို့ရေ။ လက်မသာသာ အရွယ်ကလေးက အဲဒီလို ကိုယ့်ကိုယ်ကို, ကိုယ့်စိတ်ကို အမြင့်ဆုံးမြှင့်ပြီး မြစ်အစုန်ကို မှန်မှန်

ကလေး လှော်ခတ်လာလိုက်တာ ၂ ရက်အကြာမှာပဲ သူ့အင်မတန် ရောက်ချင်နေတဲ့ ရွှေမြို့တော်ကို ရောက်ခဲ့ရပြီပေါ့ကွယ်။

"စည်ကားခမ်းနားလိုက်တဲ့ မြို့တော်ကြီးပဲ။ ကြည့်စမ်း။ လူတွေကလည်း ပြည့်ကျပ်နေတာပဲ။ အဆောက်အဦတွေကလည်း တိမ်တွေနှင့်ထိလုမတတ် မြင့်မားလိုက်လေကွယ်။ ငါတို့နေခဲ့တဲ့ရွာနှင့်ဆိုရင် မိုးနှင့်မြေလောက် အကွာကြီးပါလား။"

လေက်မကလေးရောက်သွားတဲ့အချိန်ဟာ ဂျပန်တွေရဲ့ နှစ်သစ်ကူး နွေဦးကာလဖြစ်တဲ့အတွက် သူတွေ့မြင်ရသမျှ လူအပေါင်းတို့ဟာ နွေးထွေးတဲ့နေရောင်ခြည်အောက်မှာ အားလုံးကြည်နူးပျော်ရွှင်ပြီး ဥဒဟိုသွားလာနေကြသတဲ့။ သစ်ပင်, ပန်းပင်တွေကလည်း အသီးအပွင့်တွေ ဝေဝေဆာဆာနှင့် လှပစွာ လန်းစွင့်နေကြသတဲ့။ "ပန်းသတင်း လေညင်းဆောင်" ဆိုသလို မွှေးပျံ့တဲ့ရနံ့ကြောင့် သူဟာ ၂ ရက်တာ မြစ်အတွင်း စုန်ဆင်းခဲ့ရသမျှ အမောအပန်း အနွမ်းအနယ် ပြေပျောက်သွားခဲ့ရတယ်။ သူမက်ခဲ့ဖူးတဲ့ အိပ်မက်ကမ္ဘာထဲ ရောက်နေရသလို ခံစားရသတဲ့။ မြင်မြင်သမျှအရာတိုင်းဟာ သူ့အတွက်တော့ အထူးအဆန်းတွေချည်းပဲပေါ့ကွယ်။ သူဟာ ကြီးမားတဲ့လူတွေရဲ့ လှုပ်ရှားမှုကို ရင်သပ်ရှုမော ငေးကြည့်နေမိတယ်။

လေက်မကလေးဟာ ရွှေမြို့တော်ဆီ ရောက်ဖူးချင်ရုံသက်သက် လာခဲ့တာမှ မဟုတ်ဘဲ။ သူ့မှာ ကြီးကျယ်ခမ်းနားတဲ့ အိပ်မက်ရှိတယ် မဟုတ်လား။ အောင်မြင်ကျော်ကြားတဲ့ဘဝကို ရရှိဖို့ဆိုတဲ့ အာသီသ ဆန္ဒကို အကောင်အထည်ဖော်ဖို့ရာ ေးမောမနေတော့ဘဲ လိုရာခရီးကို ဆက်ခဲ့တယ်။

သူဟာ လူတွေ၊ ခွေးတွေရဲ့ အန္တရာယ်ကလွတ်အောင် ရှောင် ရှင်းတိမ်းရှင်း တရွေ့ရွေ့ ခရီးဆက်လာလိုက်တာ ၃ ရက်ပြည့်တဲ့ နေ့မှာပဲ ဂျပန်ပြည်ရဲ့ အကြီးကျယ် အကျော်ကြားဆုံးလို့ ဂုဏ်သတင်း မွှေးပျံ့နေတဲ့ အမတ်ချုပ်ကြီးရဲ့ စံအိမ်တော်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့လေတော့တယ်။ ဒီအမတ်ချုပ်ကြီးဟာ ဂျပန်ဧကရာဇ်ပြီးရင် တန်ခိုးဩဇာအရှိဆုံးလို့ သူကြားဖူးထားတယ်။ သူ့ထံပါး ဝင်ရောက် ခစားခြင်းဖြင့် သူလိုချင်တဲ့ နေရာတစ်နေရာကို အမြန်ဆုံးရနိုင်တယ်လို့ တွက်ထားတယ်။

လေက်မဟာ အင်မတန်ကြီးကျယ်ခမ်းနားပြီး အစေခံအခြွေအရံ များစွာရှိတဲ့ အမတ်ချုပ်ကြီးရဲ့အိမ်တော်ထဲကို ခပ်တည်တည်နှင့် ရဲရဲဝံ့ဝံ့ ဝင်ရောက်သွားပါလေရောတဲ့ကွယ်။ သူ့ကို တွေ့မြင်သူအပေါင်းက တအံ့တဩ ေးကြည့်နေစဉ်မှာပဲ သူဟာ အမတ်ချုပ်ကြီးအနားယူရာ အခန်းထဲတန်းဝင်သွားပြီး ခပ်တည်တည်နှင့် ပြောလိုက်ပါသတဲ့။

"ကျွန်တော်မျိုးဟာ မြစ်တစ်ဘက်ကမ်းမှာနေတဲ့ လေက်မပဲ ဖြစ်ပါတယ်။ အရှင့်ထံပါးမှာ အမှုထမ်းခွင့်ကို လိုချင်ပါတယ် ခင်ဗျာ။"

သူ့ရဲကောင်းကို လိုလားတဲ့ အမတ်ချုပ်ကြီးဟာ လေက်မ ကလေးရဲ့ မကြောက်မရွံ့ပြောဆိုတတ်တာကို အလွန် သဘောကျသွား တာပေါ့။ သူဟာ အင်အားကြီးတယ်၊ ငယ်တယ်ဆိုတာကို ဘယ်တော့မှ တွက်ချက်တတ်သူ မဟုတ်ဘူးကွယ့်။

လူတစ်ယောက်ဟာ အင်အား ကြီးသည်ဖြစ်စေ၊ အင်အား နည်းသည်ဖြစ်စေ ရဲရင့်မှု၊ ရိုးသားမှု၊ သစ္စာရှိမှုကိုသာ ဦးစားပေး ရွေးချယ်တတ်သူဖြစ်တယ်။ ဒါကြောင့် သူ့ရဲ့အရည်အချင်းကို မြင်မြင် ချင်းပဲ သဘောကျသွားတော့တာပေါ့ကွယ်။ သူ့ထံပါး ခစားဖို့ရာ ရဲမက်တော်အဖြစ် ချက်ချင်းပဲ ခန့်အပ်လိုက်တယ်။

"ကဲ-မင်းကို ငါ့ရဲမက်တော်အဖြစ် ခန့်လိုက်ပြီ။ သို့သော် မင်းရဲ့စွမ်းရည်နှင့် ဘယ်နေရာမှာ ဘယ်လောက်အထိ အသုံးဝင်မှု တွေကို ငါ့ကို ပြပေတော့။"

အမတ်ချုပ်ကြီးရဲ့စကားကို လေက်မက မပြုံးမရယ် ခပ်တည် တည် ပြန်လျှောက်တင်လိုက်တယ်။

"လူတစ်ယောက်ရဲ့ စွမ်းရည်သတ္တိနှင့် အသုံးကျမှု၊ မကျမှု ဆိုတာ အရေးကြုံမှ ပြလို့ရတာပါ။ တမင်သက်သက် စွမ်းရည်ပြခြင်းဟာ အများသူငါ ရယ်စရာဖြစ်နေနိုင်တာမို့ ခွင့်လွှတ်တော်မူပါ။"

"ဟော-ဟုတ်သားပဲဟ။ သင်ဟာ အကောင်သေးသလောက် စကားအရာမှာ လိမ္မာပါးနပ်တယ်။ မကြောက်မရွံ့ ပြောရဲဆိုရဲ ရှိတယ်။ ရှေ့နောက်အနေအထား အထူ၊ အပါးကို နားလည်တယ်။ သူရဲကောင်းရဲမက်တော်ဆိုတာ သတ္တိချည်းရှိနေရုံနှင့် မပြီးသေးဘူးကွယ့်။ ပါးနပ်မှုလည်း ရှိရတယ်။"

လေက်မကလေးဟာ အမှတ်တွေ ရပြီးရင်း ရရင်းပေါ့ကွယ်။ သူ့လို ရွာဇနပုဒ်က ပိစိကွေးလေးတစ်ဦးအနေနှင့် ရွှေမြို့တော်က အာဏာပိုင်တစ်ဦးဆီမှာ အမှုထမ်းခွင့်ရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ ဘယ်သူမှ အကောင်အထည်ဖော်ဖို့နေနေသာသာ အိပ်မက်တောင် မက်နိုင်တာမှ မဟုတ်ဘဲ။ ပြောရမယ်ဆိုရင်တော့ လေက်မကလေးဟာ အမတ်ချုပ်ကြီးရဲ့သမီးထံပါးမှာ ခစားခွင့် ရခဲ့တယ်။ သူက လူစဉ်မမီတဲ့ ချွတ်တားကလေးဆိုတော့ ဘာပဲပြောပြော စိတ်ချရတယ် မဟုတ်လား။

သမီးတော်ကလေးဟာ ပြစ်မျိုးမဲ့မတင် အလွန်ချောလှပသူဖြစ်တဲ့အတွက် အရွယ်ရောက်စ လေက်မဟာ ဗိုသဘာဝအရ သက်တော်

စောင့် လုပ်ခွင့်ရတာကို သိပ်ပြီးသဘောကျနေတာပေါ့ကွယ်။ သူဟာ သူ့ရဲ့ဆောင်မား အပ်နဖားကို ကြိုးနှင့်ဆွဲ ပခုံးထက်မှာ လွယ်ပြီး သမီးတော် ဘေးဥပါဒ်အန္တရာယ် မကျရောက်ရလေအောင် စောင့် ရှောက်တယ်။ သူသွားရာနောက် တကောက်ကောက်လိုက် အရိပ် တကြည့်ကြည့်၊ တစိမ့်စိမ့် ကြည့်မဝရှုမဝနှင့် ဖိုးကျိုင်းတုတ် ဖြစ်နေ တာပေါ့။

'ဒါဟာ မိုးနတ်မင်းကြီးရဲ့ ကျေးဇူးပဲ။ ငါ့အသက်နှင့်လဲပြီး သူ့ကို စောင့်ရှောက်မယ်။'

အဲဒီလို ငလက်မကလေးဟာ ကိုယ်ရံတော်သက်တော်စောင့် အဖြစ် အမှုထမ်းနေရင်း တစ်နေ့သောအခါမှာ သူဖြစ်ချင်နေတဲ့ သူ့ရဲ့ ကောင်းဘဝရောက်ဖို့အတွက် အကြောင်းက ဖန်လာပါလေရောတဲ့ ကွယ်။

ဂျပန်ပြည်မှာ ထင်ရှားကျော်ကြားတဲ့ ဖူဂျီယာမာ မီးတောင်နား မှာ ဦးချို ၂ ချောင်းပါတဲ့ ဘီလူးနီကြီးတစ်ကောင်ဟာ ရုတ်တရက်ပေါ် လာပြီး၊ မြို့တော်မှာနေတဲ့ မိန်းမပျို ၂ ဦးကို သတ်စားဖို့ ဖမ်းခေါ် သွားပါသတဲ့။ ဘီလူးကြီးဟာ 'မှော်ကဝေပညာ တတ်စွမ်းသူ'လို့ တစ်ဆင့်စကားပြောသံတွေ ကြားနေကြရတယ်။

'ဒါဟာ ငါ့အတွက် အခွင့်အရေးတစ်ရပ်ပဲ။ ဘယ်သူမှ မနှိမ်နင်းနိုင်တဲ့ ဘီလူးနီကြီးကိုသာ ငါ နှိမ်နင်းနိုင်ခဲ့ရင် ဂျပန်ပြည်ရဲ့ သူမတူတဲ့ သူရဲကောင်းကြီးဖြစ်လာမှာပဲ။ ကာတွန်းထဲက နာရူတိုထက် လူတွေ ငါ့ကို ပိုသိလာကြမှာ။ အခြေအနေအချိန်အခါကို စောင့်မှပဲ။

လေက်မဟာ 'ပွဲမဝင်ခင်က ကြိုပြင်ဆင်'ဆိုတဲ့ စကားလို တစ်နေ့ ကြုံရနိုင်တဲ့ အခွင့်အလမ်းအတွက် ဘီလူးနီကြီးကို သတ်ဖြတ်နိုင်မယ့် နည်းလမ်းအတွက် အချိန်ရှိသမျှ ကြံစည်တွေးတောနေခဲ့တယ်။ သူ့ရဲ့လက်သုံးတော် အပ်နဖားဓားနှင့် လေ့ကျင့်တယ်။ သူဟာ အဲဒီလို ကြိုတင်ပြင်ဆင် လေ့ကျင့်နေရင်းကပဲ အချိန်အခါကို သည်းခံပြီး စောင့်ဆိုင်းနေတယ်။

တစ်နေ့သောအခါမှာပေါ့ကွယ်။ သမီးတော်ဟာ မြို့ပြင်မှာ ဆောက်ထားတဲ့ ရှင်တိုဘုရားကျောင်းဆီ ဝတ်ပြုဖို့ရာ လေက်မနှင့် ငယ်ကျွန်တချို့ကို ခေါ်ပြီး ထွက်လာခဲ့တယ်။ သူတို့ဟာ ဘုရားကျောင်းတော်ကို အသွားအပြန် မြင်းလှည်းစီး လာခဲ့ကြသတဲ့။ ထုံးစံအတိုင်း လေက်မဟာ မင်းသမီးစီးတဲ့ မြင်းခေါင်းပေါ်မှာ လည်ဆံမွေးကို ခွစီးပြီး လိုက်ပါလာခဲ့တယ်။ ဒါမှ သမီးတော်အတွက် အန္တရာယ်ရှိ၊ မရှိ အဝေးကနေ ကြိုပြီးလှမ်းမြင်နိုင်မယ်မဟုတ်လား။

ဘုရားကျောင်းမှာ ဝတ်ပြုတာ ကြာသွားတဲ့အတွက် သူတို့ရဲ့ အပြန်ခရီးဟာ ညဦးပိုင်း ရောက်သွားခဲ့ရတယ်။ အဲဒီနေရာက ကြောက်ဖို့ကောင်းတဲ့ မှောင်မည်းသိပ်သည်းနေတဲ့ တောအုပ်ကြီးတစ်ခုကို ဖြတ်ရတာ ဖြစ်တဲ့အတွက် ပိုပြီး သတိထားကြရတယ်။ ထင်းရှူးပင်ကြီးတွေဟာ မိုးထိမြင့်မားပြီး တစ်ပင်နှင့်တစ်ပင် ယှက်နွယ်နေကြတာမို့ မိုးကောင်းကင်က ကြယ်တွေကိုတောင် မမြင်နိုင်ဘူးတဲ့ကွယ်။ အိပ်တန်း တက်ချိန်မို့ ကျေးငှက် သာရကာအသံကအစ ဘာသံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေတယ်။ ထင်းရှူးရွက်ခြောက်တွေပေါ် မြင်းဖြတ်သွားတဲ့ ခွာသံတွေသာ စည်းချက်မှန်မှန် ထွက်ပေါ်လာတယ်။

အဲဒီမှာတင် ရုတ်တရက်ဆိုသလို ကောင်းကင်တစ်ခွင် တဝုန်းဝုန်း လေပြင်းဝှေ့သံတွေကို ကြောက်ခမန်းလိလိ ကြားလိုက်ကြရတယ်။ တစ်ခါတစ်ရံ လေပြင်းထဲမှာ ရေငွေ့ရနံ့ ရလိုက်တာမို့ ရင်ဖိုနေတဲ့ သမီးတော်ကလေးကို ငလက်မက မကြောက်ဖို့ အားပေးစကားပြောရတယ်။

"ဒါဟာ မုန်တိုင်းကျမယ့် လက္ခဏာပဲ။ နန်းတော်ကို အမြန်ဆုံး ပြန်မှ။ မိုးရွာလာရင် ကျွန်တော်မျိုးတို့အားလုံး ဒုက္ခရောက်မှာ။"

လေက်မစကား အဆုံးမှာပဲ ဝုန်းဒိုင်းအသံ အကျယ်ကြီး မြည်ဟည်းသံနှင့်အတူ ချို ၂ ချောင်းပါ ဘီလူးနီကြီးတစ်ကောင် ထင်းရှူးပင်တွေ ကြားကနေ ဘွားခနဲ ပေါ်လာပါလေရောတဲ့ကွယ်။ ဘီလူးနီကြီးရဲ့ လက်ချက်ကြောင့် အပင်တွေဟာ ကျိုးပဲ့ပြိုလဲကုန်ကြ တယ်။ သမီးတော်ဟာ ကြောက်လွန်းလို့ အသံကုန် အော်ဟစ်နေသတဲ့။

သူတို့ကို တင်ဆောင်လာတဲ့ မြင်းတွေဟာ ဟီသံပေးပြီး ကဆုန်ပေါက် ပြေးလွှားကုန်ကြတဲ့အတွက် သမီးတော်ကလေးဟာ လှည်းပေါ်က လွင့်စဉ်ပြုတ်ကျပြီး ကျန်ခဲ့သတဲ့။ ဒါကိုမြင်တော့ မြင်း လည်ဆံမွေးကို မလွှတ်စတမ်း ဖမ်းဆွဲထားတဲ့ လေက်မဟာ မြင်းပေါ် ကနေ အမြန်ခုန်ချပြီး ကယ်တင်ဖို့ကြိုးစားတယ်။ ဒါပေမယ့် ဘီလူးနီ ကြီးက သမီးတော်လေးကို ပွေ့ချီပြီး အဝေးကိုဆွဲခေါ်သွားပြီတဲ့ကွယ်။

သက်တော်စောင့် လေက်မဟာ သူ့မှာ ကာကွယ်ကယ်တင်ဖို့ တာဝန်ရှိတာမို့ အသက်ကို ပဓာနမထားဘဲ သူ့ရဲ့လက်သုံးတော် ဓားကို ဆွဲထုတ်ပြီး ဘီလူးနီကြီးနောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်သွားတော့တာပေါ့။ ဘီလူးနီကြီးဟာ တောအုပ်အပြင် ဘက်ရောက်လို့ ခဏအမောဖြေနေတုန်း လေက်မက သူ့အပ်ဓားနှင့် ဘီလူးကြီးရဲ့ မိရာ ခန္ဓာကိုယ် နေရာအနှံ့ကို အားပါးတရ ထိုးစိုက်



တိုက်ခိုက်လေတော့တာပေါ့။ ဘီလူးကြီးဟာ သူ့ခန္ဓာကိုယ်က စစ်ခန် ကျင်ခန် ဖြစ်သွားလို့ အံ့သြပြီး သူ့ရန်သူကို လိုက်ရှာပေမယ့်၊ လေက်မဟာ မြက်ပင်ရှည် တွေကြားမှာမို့ ရှာမတွေ့ဘူး ဖြစ်နေတာ ပေါ့ကွယ်။

လေက်မဟာ သူ့ခန္ဓာကိုယ် သေးကွေးနေတာကို အခွင့်ကောင်းယူပြီး ဘီလူးနီကြီးကို ခုန်ပျံကျော်လွှားကာ အပ်မားနှင့် အားပါးတရ ထိုးစိုက်တိုက်ခိုက်နေတော့တာပေါ့။ သူဟာ ဘီလူးကြီးရဲ့ လက်မောင်းပေါ်ရောက်အောင် ခုန်တက်ပြီး၊ အဲဒီကနေတစ်ဆင့် ပခုံးပေါ် တက်လိုက်တယ်။ ပြီးမှ နီရဲနေတဲ့ ဘီလူးကြီးရဲ့မျက်လုံး အစုံကို အပ်မားနှင့် အားပါးတရ ဘယ်၊ ညာ ထိုးစိုက်လိုက်တာ ဘီလူးနီကြီးဟာ နာကျင် လွန်းလို့ မချိမဆံ့အော်ဟစ်ပြီး မျက်လုံးအစုံကို လက်နှင့်အုပ်ကာ ကြောက်လန့်တကြား ထွက်ပြေးသွားတော့တာပေါ့။ လေက်မကတော့ သူ့လက်သုံးတော်ဓား အပ်နဖားကို အဆုံးခံလိုက် ရတယ်။

မြေပြင်ပေါ်မှာ အကျနာပြီး လဲကျကျန်ခဲ့တဲ့ လေက်မကို သမီးတော်ကလေးက တယုတယ ကြင်ကြင်နာနာ ပွေ့ဖက်ပါသတဲ့။

ဘီလူးရန်စွယ်အန္တရာယ်က လုံးဝ ကင်းရှင်းသွားပြီဖြစ်တဲ့ အတွက် လေက်မဟာ စိတ်ကိုလျှော့ချပြီး အမောဖြေနေတာပေါ့။

မကြာခင် ထွက်ပြေးသွားတဲ့ အစေအပါးတွေဟာ မြင်းလှည်းကို မြန်မြန် ခေါ်ပြီး သူတို့နားကို ရောက်လာကြတယ်။

သူတို့ဟာ ဘီလူးကြီးကျကျန်ခဲ့တဲ့ ခြူကြီးတစ်လုံးကိုတွေ့တော့ လေက်မက တအံ့တဩနှင့် ကောက်ယူလိုက်ပြီး သမီးတော်ကို ပြော လိုက်ပါသတဲ့။

"ဒီခြူကြီးဟာ ဘီလူးနိကြီးရဲ့ အစွမ်းတွေကို စုထားတဲ့ ကဝေ ခြူပဲ ဖြစ်တယ်။ လိုရာဆုတောင်းပြီး ခြူကို လှုပ်လိုက်ရင် လိုရာဆန္ဒ ပြည့်တယ်လို့ ကြားဖူးတယ်။ သာမန်လူသားတစ်ဦးအနေနှင့် သူ အလိုချင်ဆုံးအရာကို တစ်ခါပဲလှုပ်ပြီး ဆုတောင်းခွင့်ရှိသတဲ့။ ပြီးရင် သူ့အစွမ်းတွေ ပြယ်သွားသတဲ့။"

"နင်က စာပေဗဟုသုတလည်း ရှိတာပဲနော်။ နင်က ငါ့ အသက်ကိုကယ်ခဲ့တဲ့အတွက် ဒီခြူကို နင် ပိုင်သွားပြီ။ အဲဒီတော့ နင်ပိုင်တဲ့ ခြူကိုလှုပ်ပြီး နင်လိုရာဆု တောင်းပေတော့။"

သမီးတော်ကလေးရဲ့ စကားဆုံးတော့ လေက်မဟာ ခဏ ကြာအောင် စဉ်းစားနေပြီးမှ ခြူကို သူ့လက်သေးသေး ၂ ဖက်နှင့် မယူလိုက်ပြီး ပြောလိုက်သတဲ့။

"ကျွန်တော်မျိုး အလိုချင်ဆုံးသောဆုကတော့ လူစဉ်မီတဲ့ ယောကျ်ားတစ်ဦးရဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ဖို့ပါပဲ။ ဒါကလွဲရင် ဘာတစ်ခုကိုမှ မတောင်းဆိုလိုပါ။"

လေက်မဟာ ဆုတောင်းပြီးတဲ့နောက် ခြုကို အသံမြည်အောင် လှုပ်ခါလိုက်တယ်ဆိုရင်ပဲ၊ သူ့ရဲ့အရပ်အမောင်းဟာ အံ့သြဖို့ကောင်းလောက်အောင် တဖြည်းဖြည်း ရှည်ထွက်လာပါသတဲ့။ မကြာခင်မှာပဲ ရှိသင့်ရှိထိုက်တဲ့ ယောကျ်ားတို့ရဲ့ အင်္ဂါရပ်နှင့် အဘက်ဘက်က ပြည့်စုံပြီး ခံ့ညားချောမောတဲ့ယောကျ်ားတစ်ဦး ဖြစ်သွားပါလေရောတဲ့ကွယ်။

သမီးတော်နှင့်သူဟာ အရပ်အမောင်းချင်း တူညီသွားပြီဖြစ်လို့ ဝမ်းသာမဆုံး ဖြစ်နေရသလို၊ သမီးတော်ကလေးကလည်း သူ့အသက်သခင် ကျေးဇူးရှင် သက်တော်စောင့်ကလေး အခုလို ဥပမိရုပ်ခံ့ညားပြီး ချောမောတဲ့လူငယ်တစ်ဦး ဖြစ်သွားတဲ့အတွက် ရှက်သွေးတဖြာဖြာ ဝမ်းသာမဆုံး တပြုံးပြုံးပေါ့။ သူတို့ဟာ အမတ်ချုပ်ကြီးရှိရာ စံအိမ်တော်ကို မြင်းစီးပြီး အတူတကွ ပြန်လာခဲ့ကြသတဲ့။

သူတို့ရဲ့ အံ့မခန်းစွန့်စားခန်းတွေကို ကြားသိလိုက်ရတယ်ဆိုရင်ပဲ အမတ်ချုပ်ကြီးအပါအဝင် အားလုံးဟာ လေက်မကလေးအပေါ် ချီးကျူးဂုဏ်ပြုမဆုံး ဖြစ်နေကြတာပေါ့ကွယ်။

အမတ်ချုပ်ကြီးက လေက်မရဲ့ ပခုံးကိုကိုင်ပြီး ဝမ်းသာအားရ နှင့်ပြောလိုက်တယ်။

"မောင်မင်းဟာ အခုမှ ပေမီဒေါက်မီ ခေါင်းတင်မောင်းတင် ယောကျ်ားကောင်းတစ်ဦး ပီပီပြင်ပြင်ဖြစ်သွားတဲ့အတွက် ငါ အများကြီး ဝမ်းသာမိတယ်။ တိုင်းပြည်က အားကိုးရမယ့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံတဲ့ သူရဲကောင်းကို ရလိုက်တဲ့အတွက် ငါတို့အရှင် ကေရာစ်သိရင် ဝမ်းသာမှာပဲကွ။ ဒီတော့ကွာ- ရှေ့မျက်နှာနောက် ထားပြီး လူကြီးစကားကို ရှက်ရှက်နှင့်ပဲ ပြောရမယ်ဆိုရင် မင်းကို ငါ့သမီးတော်နှင့် ပေးစားမယ်။ မင်းဟာ ငါ့သမက်တော်အဖြစ် တစ်နေ့ မှာ ငါ့နေရာကို ဆက်ခံရလိမ့်မယ်။ ဒါဟာ မင်းရဲ့ ရဲစွမ်းသတ္တိရှိမှု အတွက် ပေးအပ်တဲ့ ငါ့ရဲ့ဆုလာဘ်တော်ပဲ။"

ကလေးတို့ရေ။ လေက်မ တဖြစ်လဲ လေက်မကြီးဟာ ဒီစကား ကိုဘယ်ငြင်းပါ့မလဲကွယ်။ သူ့ခမျာ ပိစိကွေးဘဝကတည်းက ကြိတ်မှိတ် ရင်း စိတ်ကူးယဉ်နေခဲ့ရတာမဟုတ်လား။

ဒီလိုပဲ သမီးတော်ကလေးကလည်း အဖေမပြောခင်ကတည်း က ခေါင်းညိတ် ပြီးသားဆိုတော့ ဒီပုံပြင်ကလေးဟာ ကြည်နူးပျော်ရွှင် ဖွယ်ရာ ဇာတ်သိမ်းခန်းနှင့်အတူ ပြီးဆုံးခဲ့ပြီပေါ့ကွယ်။

ပန်းချီပြည့် စာအုပ်တိုက်

ကလေးတို့တစ်တွေလည်း မွေးရာပါ ခန္ဓာကိုယ် သေးကွေးလို့ "လူစဥ်မမီဘူး"ဆိုပြီး ဘယ်သောအခါမှ စိတ်ပျက်အားလျှော့ အရှုံး မပေး လေနဲ့နော်။ ကံ၊ ဉာဏ်၊ ဝီရိယကို ရဲစွမ်းသတ္တိ၊ လိမ္မာ ပါးနပ်မှုနှင့် ရောစပ်ပြီး အရာရာကို ကြံကြံခံရင်ဆိုင်နိုင်ရင် တစ်နေ့ သူသူငါငါ လေးစားချီးကျူးရမယ့် ဘဝမျိုးကို ရရှိနိုင်တာပေါ့ ကွယ်။ ။



ကလေးတိုင်း ပညာပြည့်ဝ နှလုံးလှစေဖို့

# ပန်းရွှေပြည်ပုံပြင်များ

မြန်မာပုံပြင်

တိုင်းရင်းသားပုံပြင်

နိုင်ငံတကာပုံပြင်

ဘာသာရေးအဆုံးအမပုံပြင်

စကားပုံ ပုံပြင်

ကဗျာပုံပြင်

အင်္ဂလိပ်-မြန်မာ ၂ ဘာသာပုံပြင်

ရုပ်ပုံကလေးတွေနှင့် လှလှပပ သပ်သပ်ရပ်ရပ်